# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက် | ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၁၇ ရက်၊ စနေနေ့ | အတွဲ (၆၁)၊ အမှတ် (၃၄၇)


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ်စရာ**

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC)၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်(DKBA) ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး — ပြည်တွင်းသတင်း စာ - ၃

ရင်းနှီးမြှုပ်နှံမှုအတွက် အခွင့်အလမ်းကောင်းများ ပိုင်ဆိုင်ထားသည့် မြန်မာ — ဆောင်းပါး စာ - ၆

တောင်ကိုရီးယားနိုင်ငံ၏ သွင်းကုန်ဈေးနှုန်း နှစ်လအတွင်း ကျဆင်း — နိုင်ငံတကာသတင်း စာ - ၁၃

နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ရေးအရှိန်မြှင့်တင်ဆောင်ရွက် — ကိုဗစ်-၁၉ကာကွယ်ရေးသတင်း စာ - ၁၄


## မိုဘိုင်းငွေပေးချေမှု ကိုယ်ရေးအချက်အလက်များ မှန်ကန်ပြည့်စုံစွာ ဖြည့်သွင်းထားမှသာလျှင် ဖြေရှင်းဆောင်ရွက်နိုင်မည်

**အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာချက်**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် လုံခြုံ၍စွမ်းရည်ပြည့်ဝသော အမျိုးသားငွေပေးချေမှု စနစ်တစ်ရပ် ပေါ်ပေါက်လာစေရန် ဆောင်ရွက်လျက်ရှိရာ နည်းပညာများ တိုးတက်လာသည်နှင့်အမျှ မိုဘိုင်းငွေပေးချေမှုများမှတစ်ဆင့် ငွေကြေးလွှဲပြောင်း ဝန်ဆောင်မှုလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ကြပြီဖြစ်ပါသည်။

သို့ရာတွင် မသမာသူများမှ အချက်အလက်များ မှန်ကန်စွာဖြည့်စွက်ခြင်းမရှိဘဲ မိုဘိုင်းငွေပေးချေမှုအချို့အား အသုံးချ၍ မသမာသည့် နည်းလမ်းဖြင့် တရားမဝင် ငွေလွှဲပြောင်းမှုများနှင့် ငွေကြေးလိမ်လည်မှုများ လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ထိုသို့ ငွေကြေးလိမ်လည်မှုများကြောင့် အများပြည်သူများ၏ နစ်နာဆုံးရှုံးမှုများကို ဖြေရှင်းဆောင်ရွက်ရာတွင် ဆက်သွယ်ဆောင်ရွက်သူများအနေဖြင့် ၎င်းတို့၏ကိုယ်ရေးအချက်အလက်များအား မှန်ကန်ပြည့်စုံစွာ ဖြည့်သွင်းထားမှသာလျှင် ဖြေရှင်းဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ထို့အပြင် နယ်စပ်ဖြတ်ကျော်ငွေပေးချေမှုများ ဆောင်ရွက်ရာတွင်လည်း ငွေကြေးခဝါချမှုနှင့်

*စာမျက်နှာ ၉ ကော်လံ ၁* ◆



## မြန်မာအမျိုးသားလေကြောင်းက စင်းလုံးငှားဝန်ဆောင်မှုဖြင့် မြန်မာနိုင်ငံအတွင်းနှင့် အာရှပစိဖိတ်ဒေသများသို့ ပျံသန်းပြေးဆွဲမည်

**ရန်ကုန် စက်တင်ဘာ ၁၆**

မြန်မာအမျိုးသားလေကြောင်း (Myanmar National Airline-MNA) က လေယာဉ်စင်းလုံးငှားဝန်ဆောင်မှုဖြင့် မြန်မာနိုင်ငံအတွင်းနှင့် အာရှပစိဖိတ်ဒေသများသို့ ပျံသန်းပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။

"စင်းလုံးငှားက ကျွန်တော်တို့က ပြည်တွင်းရော၊ ပြည်ပရော လုပ်တာပါ။ ပြည်ပဆိုရင် ဘိုးရင်းနဲ့ သွားတာရှိတယ်။ အေတီအာရ်နဲ့ သွားတာလည်း ရှိတယ်။ ပြည်တွင်းကတော့ များသောအားဖြင့် အေတီအာရ်သုံးတာပေါ့။ ပြည်တွင်းကို ငါးရက်လောက်ကြိုပြောရင်ရပါတယ်။ နိုင်ငံခြားပျံသန်းတာကိုတော့ အနည်းဆုံး နှစ်ပတ်လောက်ကြိုပြောရင်

*စာမျက်နှာ ၃ ကော်လံ ၁* ❖




# ပြည်သူအားလုံး ပါဝင်ရမည့် ပလတ်စတစ်သုံးစွဲမှု လျှော့ချရေး

ပလတ်စတစ်မသုံးစွဲရေး ပညာပေးမှုများနှင့်အတူ အပတ်စဉ် တနင်္ဂနွေနေ့ကို ပလတ်စတစ် မသုံးစွဲရနေ့အဖြစ် သတ်မှတ်၍ အနယ်နယ်အရပ်ရပ်တွင် နှိုးဆော်ကြွေးကြော်နေကြောင်း သတင်းများတွင် တွေ့ရှိရသည်။ ပေါပေါများများထုတ်လုပ်၊ ပေါပေါများများ သုံးစွဲပြီး အလွယ်တကူစွန့်ပစ်နေကြသော ပလတ်စတစ်က လူများ၊ သတ္တဝါများကိုရော သဘာဝပတ်ဝန်းကျင်ကိုပါ အန္တရာယ်များစွာ ကျရောက်စေသည့် အရာဖြစ်သည်ကို ပြည်သူလူထုက ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်ကြမှသာ ပလတ်စတစ်သုံးစွဲမှု လျှော့ချရေးမှသည် လုံးဝမသုံးစွဲတော့သည်အထိ ပြည်သူလူထု ပူးပေါင်းဆောင်ရွက်မှုဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

မိမိတို့နိုင်ငံတွင် ပလတ်စတစ်သုံးစွဲမှု ကန့်သတ်ခြင်းကို အစပျိုးရုံမျှသာ ရှိနေချိန်တွင် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများဖြစ်သည့် တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ နီပေါ၊ သီရိလင်္ကာ၊ ကမ္ဘောဒီးယား၊ ထိုင်း၊ အိန္ဒိယ စသည့်နိုင်ငံတို့တွင် ပလတ်စတစ်သုံးစွဲမှု လုံးဝပိတ်ပင်တားဆီးခြင်း၊ တစ်စိတ်တစ်ပိုင်းတားဆီးခြင်းတို့ပြုလုပ်ထားပြီး ဖြစ်သည်။ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေး စသည့်တွင်းထွက်ပစ္စည်းများကို အခြေခံ၍ ထုတ်လုပ်ထားသည့် ပလတ်စတစ်နှင့် ပလတ်စတစ်အသုံးအဆောင်ပစ္စည်းများမှာ လူသားတို့၏ နေ့စဉ်ဘဝတွင် အကြီးအကျယ် နေရာယူထားသည်။ ပလတ်စတစ်မှ ထွက်ပေါ်လာသည့် ဓာတုပစ္စည်းများက အဆိပ်အတောက်များအဖြစ် လူ့ခန္ဓာကိုယ်များထဲသို့ ရောက်ရှိနေကြပြီး သွေးကြောများ၊ တစ်သျှူးများထဲတွင် တွေ့နိုင်သည်ဟု ဆိုသည်။ ၎င်းဓာတုအဆိပ်အတောက်များကြောင့် ကင်ဆာရောဂါ ဖြစ်ပွားခြင်း၊ ဟော်မုန်း ပျက်စီးခြင်း၊ မွေးရာပါအင်္ဂါခြေလက် မစုံခြင်း၊ ကိုယ်ခံအား ကျဆင်းခြင်း စသည်တို့ ဖြစ်ပွားနိုင်သည်။ လူကိုအန္တရာယ်ဖြစ်စေသည့် ပလတ်စတစ်သည် ကုန်းနေ ရေနေသတ္တဝါများ၊ သားငှက်တိရစ္ဆာန်များကိုလည်း အန္တရာယ်ပေးသည်။ ပလတ်စတစ်အမှိုက်များကြောင့် ရေအရင်းအမြစ်များ၊ မြေဆီလွှာများပျက်စီးစေပြီး သစ်ပင်များ ပေါက်ရောက်ရှင်သန်မှုကိုလည်း အနှောင့်အယှက်ပေးသည်။

ပလတ်စတစ်အသုံးအဆောင်များကို စွန့်ပစ်လိုက်သည့်အခါ ၎င်းတို့သည် အလွယ်တကူ ဆွေးမြည့်ကျေပျက်သွားခြင်းမရှိဘဲ နှစ်ပေါင်းရာထောင် ဆက်လက်တည်တံ့နိုင်သည်။ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ပလတ်စတစ်အိတ်သုံးစွဲမှုမှာ နှစ်စဉ် အိတ်အလုံးရေ ၅၀၀ ဘီလီယံမှ ၁ ထရီလီယံအထိ ရှိမည်ဟု ခန့်မှန်းထားရာ ၁ ထရီလီယံတွင် ဘီလီယံ ၁၀၀၀ ရှိပြီး ကိန်းဂဏန်းဖြင့်ချရေးပါက ၁ နောက်တွင် သုည ၁၂ လုံးရေးရမည်ဖြစ်သည့်အတွက် မည်မျှကြီးမားသည့် ပမာဏဖြစ်သည်ကို သိရှိနိုင်သည်။ တစ်ကမ္ဘာလုံးက တစ်မိနစ်တိုင်းတွင် ပလတ်စတစ်အိတ် တစ်သန်းသုံးစွဲနေကြပြီး အမှိုက်အဖြစ် စွန့်ပစ်နေကြရာ မြေပြင်မှာရော သမုဒ္ဒရာကြီးများမှာပါ ပလတ်စတစ်အမှိုက်တို့က အန္တရာယ်ပြုနေကြပြီဖြစ်သည်။

မိမိတို့ မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်၊ မြေပြင်ရေပြင်နှင့် ပင်လယ်ပြင်၊ ကမ်းရိုးတန်းများတွင်လည်း ပလတ်စတစ်ညစ်ညမ်းမှု အန္တရာယ်ဖြစ်ပေါ်နေပြီဖြစ်သည်။ ပလတ်စတစ်သုံးစွဲမှုလျှော့ချရာတွင် ပြန်လည်အသုံးပြုခြင်း၊ သုံးစွဲမှုလျှော့ချခြင်း၊ ပြန်လည်ထုတ်လုပ်သုံးစွဲခြင်းတို့ ပြုလုပ်ရန် အသိပညာပေးသကဲ့သို့ပင် ထုတ်လုပ်မှုအပိုင်းကိုလည်း ထိန်းချုပ်ကန့်သတ်မှုပြုရန်နှင့် ပလတ်စတစ်အစားထိုး ထုတ်လုပ်မှုများ ဖွံ့ဖြိုးလာစေရန် အားပေးကူညီ မြေတောင်မြှောက်ပေးခြင်းအားဖြင့် ရေရှည်တွင် ပလတ်စတစ်သုံးစွဲမှု လျှော့ချနိုင်ရေး အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါကြောင်း။ ။






## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းများဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၆**

ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ဝန်ထမ်းအရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရေဆင်းကန်ဦး ကျောင်းတိုက်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ ဃောသိတာရာမ ကျောင်းတိုက်၊ (ဝဲပုံ) မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ စိန်မမပါဠိ တက္ကသိုလ်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ အနန္တဂုဏ်ရည် ကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ ရွှေညောင်ပင် ပရိယတ္တိစာသင်တိုက်၊ ရန်ကင်းမြို့နယ်ရှိ ပဠ္ဌနိကာယ သာသနာ့ဗိမာန် ကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်ရှိ ခေမာသိဒ္ဓိမင်းကျောင်းတိုက်နှင့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ ဥက္ကံသာရာမရွှေ ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ကျိုက်ဇမ္ဗူ ကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ ဝေယံဘုံမြင့်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ သာသနာ့ဇောတိကာရုံ ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ မြနန္ဒာကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ ဇောတနာရာမကျောင်းတိုက်နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ရှမ်းပိဋကတ်၊ စဝ်စံထွန်း ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## နယ်စပ်ရေးရာဝန်ကြီးဌာနက ဘုန်းတော်ကြီးကျောင်း၊ ပရဟိတကျောင်းများအား ဆန်၊ ဆီနှင့် ကုလားပဲများ ထောက်ပံ့လှူဒါန်းလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၆**

နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ရှမ်းပြည်နယ် အရှေ့ပိုင်းအတွင်းရှိ ဝါတွင်းကာလ ဝါဆိုသံဃာတော်များ ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရေး အတွက် ဘုန်းတော်ကြီးကျောင်းများတွင် ဆန်၊ ဆီ၊ ကုလားပဲ တို့ကို ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ တာချီလိတ်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ (ခရိုင်မှူး) ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဖြူပြာခ၊ သာသနာရေး ဦးစီးဌာနမှ ခရိုင်သာသနာရေးမှူး ဦးထွန်းကြည်မောင်နှင့် တာဝန်ရှိသူများက ယမန်နေ့က တာချီလိတ်မြို့နယ် ဆန်ဆိုင်း (ခ) ရပ်ကွက်ရှိ ဝမ်မိုင် ဘုန်းကြီးကျောင်းသို့ ဆန်၊ ဆီ၊ ကုလားပဲများနှင့် အခြားလိုအပ်နေသော လှူဖွယ်ပစ္စည်းများကို သွားရောက်ထောက်ပံ့ လှူဒါန်းကြကြောင်း သိရသည်။



**သတင်းစဉ်**

## ကယားပြည်နယ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော် ၊ ဆီ ၊ ဆား ၊ ကုလားပဲများလှူဒါန်း

**လွိုင်ကော် စက်တင်ဘာ ၁၆**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ကယားပြည်နယ်အတွင်း ဘုန်းတော်ကြီးကျောင်းများရှိ သံဃာတော်များ ဝါတွင်းကာလ ဆွမ်း၊ ကွမ်း၊ အဆင်ပြေစေရေး အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ အမယ်လေးမျိုး ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဘောလခဲခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းသိန်းနှင့် ဝန်ထမ်းများသည် ယနေ့နံနက်ပိုင်း၌ ဘောလခဲမြို့အဝင် မဟာကန္တရတိဏ္ဏ ဘုန်းတော်ကြီးကျောင်းရှိ ရဟန်းသာမဏေများအတွက် ဆွမ်းဆန်တော် ၊ ဆီ ၊ ဆားနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်းကြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနသည် ကယားပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများတွင် ဆွမ်း၊ ကွမ်း၊ အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ အမယ်လေးမျိုးကို ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုဇင်**

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံး / ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-ငြိမ်းချမ်းရေးကောင်စီ (KNU / KNLA-PC)၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်(DKBA) ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၁၆**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်-ငြိမ်းချမ်းရေးကောင်စီ (KNU/ KNLA-PC)၊ ဒီမိုကရေစီ အကျိုးပြုကရင်တပ်မတော် (DKBA) ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံ ဆွေးနွေးပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီး၊ စစ်ရေးချုပ်အဆင့်ရှိ စောစိန်ဝင်း၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီမှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး၊ အထွေထွေ အတွင်းရေးမှူးချုပ်စောကျော်ညွှန့်တို့ တက်ရောက်ကြသည်။

ဒုတိယနေ့ ဆွေးနွေးပွဲတွင် ပထမနေ့ဆွေးနွေးချက်များအပေါ် နှစ်ဖက် သဘောထားများအား ရှင်းလင်း ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၁)၊ (၂)နှင့် (၃) တို့ပါ သဘောတူညီချက်များအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ တည်ဆဲဥပဒေများနှင့် ကိုက်ညီမှု ရှိ/မရှိ လေ့လာစိစစ်ချက်များနှင့် ပတ်သက်၍ ညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင် ဒုတိယ ဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်က တစ်ချက်ချင်းအလိုက် ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများက မိမိတို့၏ သဘောထားများ၊ လိုလားချက်များကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ရပ်နားခဲ့သည်။ တတိယနေ့ ဆွေးနွေးပွဲကို စက်တင်ဘာ ၁၇ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အကြိမ်(၄၀)မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဆက်လက်ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၆**

အကြိမ် (၄၀) မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (40th ASEAN Ministers on Energy Meeting (AMEM) and Associated Meetings) ဒုတိယနေ့အဖြစ် (၁၆) ကြိမ်မြောက် အရှေ့အာရှနိုင်ငံများ၏ စွမ်းအင်ဝန်ကြီးများ အစည်းအဝေး (16th East Asia Summit Energy Ministers Meeting – EAS–EMM) နှင့် (၁၉) ကြိမ်မြောက် အာဆီယံနှင့်ဆွေးနွေးဖက် ၃ နိုင်ငံ (ဂျပန်၊ ကိုရီးယား၊ တရုတ်) စွမ်းအင်ဝန်ကြီးများ အစည်းအဝေး (19th AMEM+3) တို့ကို ယနေ့တွင် Video Conferencing စနစ်ဖြင့် ဆက်လက် ကျင်းပခဲ့ရာ အဆိုပါအစည်းအဝေးများသို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦးနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်စင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံဒေသတွင်း စွမ်းအင်လုံခြုံရေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ နည်းပညာနှင့် အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေး၊ သန့်စင်သောစွမ်းအင်နှင့် ပြန်ပြည့်မြဲ စွမ်းအင်အရင်းအမြစ်များသုံးစွဲနိုင်ရေး၊ စွမ်းအင်ဈေးကွက်တည်ငြိမ်မှုရှိရေး၊ ကာဗွန်ဖမ်းယူအသုံးချမှုနည်းပညာ (Carbon Capture, Utilization and Storage (CCUS) Technical) ဖွံ့ဖြိုးတိုးတက်ရေး၊ ဟိုက်ဒရိုဂျင်နှင့် အမိုးနီးယားစွမ်းအင်နည်းပညာဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဒေသတွင်းစွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အာဆီယံနှင့် အရှေ့အာရှနိုင်ငံများအကြား၊ အာဆီယံနှင့် ဂျပန်၊ ကိုရီးယား၊ တရုတ်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေးအစီအမံများ၊ မူဝါဒနှင့် လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။



အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ အနာဂတ်စွမ်းအင် ကဏ္ဍတွင် သဘာဝဓာတ်ငွေ့သည် အရေးကြီးပါကြောင်း၊ နိုင်ငံတော်၏စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ပြည်တွင်း ကုန်းတွင်း၊ ကမ်းလွန်လုပ်ကွက်များမှ ရေနံနှင့် သဘာဝဓာတ်ငွေ့ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု ဧရိယာတစ်ခုချင်းစီ၏ ရည်မှန်းချက်များပြည့်မီစေရေး အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍအနေဖြင့် မဟာဓာတ်အားလိုင်းနှင့် ဝေးကွာသည့် ကျေးလက်ဒေသများတွင် အသေးစားရေအားလျှပ်စစ်၊ လေအားလျှပ်စစ်၊ ဆိုလာစသည့် ပြန်ပြည့်မြဲအရင်းအမြစ်များမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သုံးစွဲရန် စီမံဆောင်ရွက်နေပါကြောင်း၊ စွမ်းအင်အကျိုးရှိထိရောက်စွာ အသုံးချရေးနှင့် စွမ်းအင်ချွေတာရေး၊ ပြန်ပြည့်မြဲစွမ်းအင်အရင်းအမြစ်များ ပိုမိုတိုးမြှင့်သုံးစွဲရေးနှင့် ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးတို့အတွက်လည်း မူဝါဒများချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကာဗွန်ဖမ်းယူအသုံးချမှု နည်းပညာ၊ ဟိုက်ဒရိုဂျင်၊ အမိုးနီးယား စွမ်းအင်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံ၏ ဆွေးနွေးဖက်နိုင်ငံများ၊ နိုင်ငံတကာ စွမ်းအင်ဆိုင်ရာ အဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

အကြိမ် (၄၀)မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ ဒုတိယနေ့အစည်းအဝေးများအတွင်း (၁၆) ကြိမ်မြောက် အရှေ့အာရှနိုင်ငံများ၏ စွမ်းအင်ဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲကြေညာစာတမ်း "The Joint Ministerial Statement (JMS) of 16th EAS–EMM" နှင့် (၁၉) ကြိမ်မြောက် အာဆီယံနှင့် ဆွေးနွေးဖက် ၃ နိုင်ငံ စွမ်းအင်ဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲကြေညာစာတမ်း "The Joint Ministerial Statement (JMS) of 19th AMEM +3"များကို ထုတ်ပြန်ခဲ့ကြကြောင်း၊ (၄၁) ကြိမ်မြောက် အာဆီယံစွမ်းအင် ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အင်ဒိုနီးရှားနိုင်ငံမှ အလှည့်ကျဥက္ကဋ္ဌအဖြစ် ၂၀၂၃ ခုနှစ်တွင် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

စီစဉ်ပေးလို့ရတယ်။ အေးရှား-ပစိဖိတ်ဖြစ်ဖို့တော့ လိုတာပေ့ါ။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့က ပျံချင်တိုင်း ပျံလို့မရဘူး။ တရုတ်ဆိုရင် ပါမစ်ရထားတဲ့မြို့တွေ ကူမင်းတို့၊ ချန်ဒူးတို့ ပျံလို့ရတယ်။ နောက်ကျွန်တော်တို့ပျံနေတဲ့ ဘန်ကောက်တို့၊ ချင်းမိုင်တို့ရမယ်၊ ဖူးခက်ရမယ်။ နောက်တစ်ခါ စင်ကာပူရမယ်။ အိန္ဒိယကဆို ဒေလီတို့၊ ဗုဒ္ဓဂယာတို့ ပျံသန်းမယ်ဆို သက်ဆိုင်ရာနိုင်ငံတွေကို ခွင့်ပြုချက်တောင်းရတာ။ ဆင်းမယ့်နိုင်ငံတစ်ခုတည်းတင်လည်း မဟုတ်ဘူး။ ကြားထဲမှာဖြတ်ပျံမယ့်နိုင်ငံတွေကိုပါ ခွင့်ပြုချက် တောင်းရတာ။ အဲဒါတွေအားလုံး ခွင့်ပြုချက်ရမှ ကျွန်တော်တို့ကပျံလို့ရတာပါ"ဟု မြန်မာအမျိုးသားလေကြောင်း စီးပွားရေးဌာနမှ စီးပွားရေးအရာရှိချုပ် ဦးနိုင်စောလွင်က ပြောသည်။

မြန်မာအမျိုးသားလေကြောင်းအနေဖြင့် အာရှပစိဖိတ်ဒေသတွင်းရှိနိုင်ငံများသို့ ချဲ့ထွင်ပျံသန်းနိုင်ရန် ရည်ရွယ်ကာ Boeing 737–800 လေယာဉ် တစ်စင်းကို Dubai Aerospace Enterprise(DAE)မှ ငှားရမ်းခဲ့ရာ ယင်းဘိုးရင်းလေယာဉ်သည် ၂၀၂၂ ခုနှစ် မေ ၂၆ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ပြီးဖြစ်ကြောင်းလည်း သိရသည်။

လက်ရှိတွင် မြန်မာအမျိုးသားလေကြောင်းသည် ပြည်တွင်း ၂၈ မြို့သို့ ပျံသန်းလျက်ရှိပြီး ပြည်တွင်း ခရီးစဉ်အများဆုံးပျံသန်းသည့် လေကြောင်းတစ်ခုလည်းဖြစ်သည်။ ထို့အတူ ပြည်ပခရီးစဉ်များဖြစ်သည့် ရန်ကုန်-စင်ကာပူ-ရန်ကုန်ခရီးစဉ်နှင့် ရန်ကုန်-ဘန်ကောက်-ရန်ကုန် ခရီးစဉ်တို့ကို နေ့စဉ်ပျံသန်းပြေးဆွဲလျက်ရှိကြောင်း၊ ဗုဒ္ဓဂယာသို့လည်း Charter ခရီးစဉ် ပျံသန်းပြေးဆွဲနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်းနှင့် အောက်တိုဘာ၊ နိုဝင်ဘာတွင် ပျံသန်းပြေးဆွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာအမျိုးသားလေကြောင်း (MNA) သည် ၁၉၄၈ ခုနှစ်တွင် Union of Burma Airways (UBA)အဖြစ် စတင်တည်ထောင်ခဲ့ရာ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် (၇၄) နှစ် ပြည့်မြောက်တော့မည်ဖြစ်၍ အထူးအစီအစဉ်အနေဖြင့် စက်တင်ဘာ ၁၅ ရက်ခရီးစဉ်များတွင် လိုက်ပါစီးနင်းကြသည့် ခရီးသည်များအား လေယာဉ်ပေါ်၌ လက်မှတ်များ ကံစမ်းမဲဖောက်ပေးခဲ့ကြောင်း သိရသည်။

**အာကာလင်း**

# ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းကို အကောင်အထည်ဖော် ဆောင်ရွက်လာသည်နှင့်အမျှ နိုင်ငံသားများနှင့် ၎င်းတို့၏ အကျိုးစီးပွားကို အကာအကွယ်ပေးရန် အရေးကြီး

## 5th China- ASEAN Information Harbor Forum သို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗီဒီယိုမိန့်ခွန်းပေးပို့ပြောကြား




**နေပြည်တော် စက်တင်ဘာ ၁၆**

ဒစ်ဂျစ်တယ်အသွင် ကူးပြောင်းခြင်းကို အကောင်အထည်ဖော် ဆောင်ရွက်လာသည်နှင့်အမျှ နိုင်ငံသားများနှင့် ၎င်းတို့၏ အကျိုးစီးပွားကို အကာအကွယ်ပေးရန် အရေးကြီးကြောင်း ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးတင်အောင်စန်းက ပြောကြားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Cyberspace Administration ၊ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်၊ စက်မှုနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစိုးရတို့ ပူးပေါင်းကျင်းပသည့် 5th China– ASEAN Information Harbor Forum သို့ ပေးပို့သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးတင်အောင်စန်း၏ ဗီဒီယိုမိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ဆိုရှယ်မီဒီယာ ပလက်ဖောင်းများပေါ် ရှိ မဟုတ်မမှန်သော သတင်းနှင့် အမုန်းစကားများ၊ ဆိုက်ဘာတိုက်ခိုက်မှုများနှင့် ဆိုက်ဘာလိမ်လည်မှုများသည် ပိုမိုများပြားလာကြောင်း၊ ဖိုရမ်တွင် ၎င်းအခက်အခဲများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများကို ဆွေးနွေးကြရန် မျှော်လင့်ပါကြောင်း၊ ပုဂ္ဂိုလ်ရေးအချက်အလက်များနှင့် အရေးကြီးသည့် အချက်အလက်များ ကာကွယ်ရေးကိစ္စရပ်သည်လည်း ဤဖိုရမ်တွင် ဆွေးနွေးသင့်သော အရေးကြီးသည့် အကြောင်းအရာတစ်ခု ဖြစ်ပါကြောင်းနှင့် အရေးပါသည့် အခြေခံအဆောက်အဦ ကာကွယ်ခြင်းတွင်လည်း ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား သတင်းအချက်အလက်များကို မျှဝေဖလှယ်နိုင်ပြီး ဒစ်ဂျစ်တယ် စီးပွားရေး၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းနှင့် cyberspace စသည့် အမျိုးမျိုးသော နယ်ပယ်များတွင် ပိုမိုနက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရှာဖွေနိုင်သည့် အရေးကြီးသော နေရာတစ်ခုဖြစ်လာကြောင်း၊ ဒစ်ဂျစ်တယ်နည်းပညာနှင့် ဝန်ဆောင်မှုများသည် နယ်နိမိတ်ကန့်သတ်ချက်မရှိသော သဘောသဘာဝရှိသည့်အတွက် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်း အကျိုးကျေးဇူးများကို အမြင့်ဆုံးရရှိခံစားနိုင်ရန်နှင့် စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် ပူးပေါင်းလုပ်ဆောင်ကြရန် လိုအပ်ပါကြောင်း၊ "ဒစ်ဂျစ်တယ်ပိုးလမ်းမအား ပူးပေါင်းတည်ဆောက်ခြင်းဖြင့် မျှဝေခံစားနိုင်မည့် ဒစ်ဂျစ်တယ် အနာဂတ်ဆီသို့" ဟူသည့် ယခုနှစ် ဖိုရမ်၏ ဆောင်ပုဒ်သည် ယနေ့အခြေအနေများနှင့်လည်း ကိုက်ညီမှုရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးနှင့် အိုင်စီတီကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အခြေအနေများနှင့် ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ပြီး အာဆီယံနှင့် မြန်မာနိုင်ငံအပေါ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ပံ့ပိုးကူညီမှုများအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား တရုတ်ပြည်သူ့သမ္မတနိုင်ငံအား ကျေးဇူးတင်ရှိပါကြောင်းနှင့် အနာဂတ်တွင်လည်း ပိုမိုခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုကို မျှော်လင့်ပါကြောင်းထည့်သွင်း ပြောကြားခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ဒစ်ဂျစ်တယ်စီးပွားရေးကဏ္ဍတွင် အာဆီယံနိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ အတွေးအမြင်များ ပိုမိုဖလှယ်နိုင်ရေးနှင့် နှစ်ဦးနှစ်ဖက် မိတ်ဖက်ဆက်ဆံရေးကို ချဲ့ထွင်နိုင်ရေးတို့အတွက် ပထမအကြိမ် China– ASEAN Information Harbor Forum ကို ၂၀၁၅ ခုနှစ်တွင်လည်းကောင်း၊ ဒုတိယအကြိမ်ကို ၂၀၁၆ ခုနှစ်တွင်လည်းကောင်း၊ တတိယအကြိမ်ကို ၂၀၁၈ ခုနှစ်တွင် လည်းကောင်း၊ စတုတ္ထအကြိမ်ကို ၂၀၂၀ ပြည့်နှစ်တွင်လည်းကောင်း ကျင်းပခဲ့ကြောင်းနှင့် အဆိုပါ ဖိုရမ်သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ကော်မရှင်များမှ ဝန်ကြီးအဆင့်ပုဂ္ဂိုလ်များ၊ ဒစ်ဂျစ်တယ်စီးပွားရေးကဏ္ဍတွင် ထင်ရှားကျော်ကြားသည့် ပညာရှင်များနှင့် ကျွမ်းကျင်သူများ တက်ရောက်ခဲ့ကြပြီး အာဆီယံနိုင်ငံများမှ ဝန်ကြီးအဆင့်ပုဂ္ဂိုလ်များက ဗီဒီယိုမိန့်ခွန်းများ ပေးပို့ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---

# အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့- အပြည်ပြည်ဆိုင်ရာ စာရင်းရှင်းလင်းရေးဘဏ်တို့၏ အဆင့်မြင့်အရာရှိများဆွေးနွေးပွဲနှင့် (၂၁) ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများအစည်းအဝေးများကျင်းပ




**နေပြည်တော် စက်တင်ဘာ ၁၆**

အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ (The South East Asian Central Banks – SEACEN Centre)၊ အပြည်ပြည်ဆိုင်ရာ စာရင်းရှင်းလင်းရေးဘဏ် (Bank for International Settlements–BIS)နှင့် ဗီယက်နမ်နိုင်ငံဗဟိုဘဏ်တို့မှ ကြီးမှူး၍ Hybrid Format (in person နှင့် virtual) ဖြင့် ကျင်းပသည့် အရှေ့တောင်အာရှဗဟိုဘဏ်များ အဖွဲ့–အပြည်ပြည်ဆိုင်ရာ စာရင်းရှင်းလင်းရေးဘဏ်တို့၏ အဆင့်မြင့်အရာရှိများ ဆွေးနွေးပွဲ (SEACEN–BIS High Level Seminar)ကို ယမန်နေ့ နံနက် ၉ နာရီတွင်လည်းကောင်း၊ (၂၁) ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများ အစည်းအဝေး (21st SEACEN Executive Committee – EXCO Meeting) ကို ယနေ့ နံနက် ၈ နာရီ ၁၅ မိနစ်တွင် လည်းကောင်း ကျင်းပသည်။

ဆွေးနွေးပွဲနှင့် အစည်းအဝေးများသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင် တက်ရောက်သည်။

ယမန်နေ့က ကျင်းပသည့် အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့ – အပြည်ပြည်ဆိုင်ရာ စာရင်းရှင်းလင်းရေးဘဏ်တို့၏ အဆင့်မြင့်အရာရှိများ ဆွေးနွေးပွဲ (SEACEN–BIS High Level Seminar) တွင် ဗီယက်နမ်နိုင်ငံ ဗဟိုဘဏ်၏ ဒုတိယဥက္ကဋ္ဌ Mr. Pham Thanh Ha ၊ SEACEN Centre ၏ အမှုဆောင်ဒါရိုက်တာဖြစ်သူ Dr. Mangal Goswami နှင့် အပြည်ပြည်ဆိုင်ရာ စာရင်းရှင်းလင်းရေးဘဏ်၏ Chief Representative ဖြစ်သူ Mr. Tao Zhang တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ထို့နောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပခဲ့ရာ "Current Inflation Challenges facing the Global Economy including Emerging and Frontier Markets" ခေါင်းစဉ်နှင့်စပ်လျဉ်း၍ Stanford University မှ စီးပွားရေးဌာန၏ ပါမောက္ခ Mr. John Taylor ၊ ကမ္ဘာ့ဘဏ်မှ စီးပွားရေးဆိုင်ရာ အမှုဆောင်အရာရှိချုပ် Mr. M. Ayhan Kose ၊ Total Portfolio Management, GIC Pte Ltd မှ စီးပွားရေးဆိုင်ရာပညာရှင် Mr. Prakash Kannan၊ အင်ဒိုနီးရှားနိုင်ငံ ဗဟိုဘဏ်၏ ဒုတိယဥက္ကဋ္ဌ Mr. Dody Budi Waluyo နှင့် ဗီယက်နမ်နိုင်ငံဗဟိုဘဏ်၏ ဒုတိယဥက္ကဋ္ဌ Mr. Pham Thanh Ha တို့က ဆွေးနွေးပြောကြားကြပြီး Hoover Institution မှ Visiting Fellow ဖြစ်သူ Mr. Andrew Filardo က Moderator အဖြစ် ဆောင်ရွက်သည်။

ထို့နောက် " Macro–Financial Stability Frameworks for EMEs" ခေါင်းစဉ် နှင့်စပ်လျဉ်း၍ BIS ၏ Deputy General Manager ဖြစ်သူ Mr. Luiz Pereira da Silva မှ Keynote Address ပြောကြားပါသည်။ ၎င်းနောက် "Macro–Financial Stability Frameworks in Asian EMEs" ခေါင်းစဉ်နှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ စာရင်းရှင်းလင်းရေးဘဏ်မှ အာရှပစိဖိတ်ဒေသအတွက် စီးပွားရေးနှင့် ငွေရေးကြေးရေး ဈေးကွက်၏ အကြီးအမှူး Mr. Ilhyock Shim ကလည်းကောင်း၊ "The SEACEN Perspective on Challenges and Options in Managing Capital Flows for Small, Open and Financially Integrated Economies" ခေါင်းစဉ်နှင့် စပ်လျဉ်း၍ SEACEN Centre ၏ အမှုဆောင် ဒါရိုက်တာ Dr. Mangal Goswami ကလည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ဆက်လက်၍ "Managing Macro–Financial Stability" ခေါင်းစဉ်နှင့်စပ်လျဉ်း၍ ဖိလစ်ပိုင်နိုင်ငံဗဟိုဘဏ်၏ ဒုတိယဥက္ကဋ္ဌ Mr. Francisco G. Dakila, Jr. ကလည်းကောင်း၊ ထိုင်းနိုင်ငံဗဟိုဘဏ်၏ ဒုတိယဥက္ကဋ္ဌ Ms. Vachira Arromdee ကလည်းကောင်း ဆွေးနွေးပြောကြားကြပြီး SEACEN အဖွဲ့ဝင်ဗဟိုဘဏ် (၁၉)ဘဏ်တို့မှ ဒုတိယဥက္ကဋ္ဌများ၊ SEACEN အမှုဆောင် ဒါရိုက်တာနှင့် အစည်းအဝေး တက်ရောက်လာသူများမှ ၎င်းတို့၏အတွေ့အကြုံ အသိအမြင်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ယနေ့တွင် (၂၁) ကြိမ်မြောက် အရှေ့တောင်အာရှ ဗဟိုဘဏ် ဒုတိယ ဥက္ကဋ္ဌများ အစည်းအဝေး (21st SEACEN Executive Committee – EXCO Meeting) ကို ဆက်လက်ကျင်းပရာ အစည်းအဝေးတွင် လာမည့် ၂၀၂၃ ခုနှစ်တွင် ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများ၊ ၂၀၂၃ ခုနှစ်အတွက် ဘတ်ဂျက်လျာထားမှု၊ SEACEN စင်တာမှကြီးမှူးဆောင်ရွက်လျက်ရှိသည့် မဟာဗျူဟာမြောက် စီမံကိန်းများ ဆောင်ရွက်မှု၊ SEACEN စင်တာတွင် ဒါရိုက်တာများ ခန့်အပ်မှု၊ SEACEN အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ ၂၀၂၃–၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် External Auditor ခန့်အပ်မှုနှင့်စပ်လျဉ်း၍ SEACEN အမှုဆောင် ဒါရိုက်တာ Dr. Mangal Goswami နှင့် ဗီယက်နမ်နိုင်ငံ ဗဟိုဘဏ်၏ ဒုတိယဥက္ကဋ္ဌ Mr. Pham Thanh Ha တို့က တင်ပြဆွေးနွေးခဲ့ရာ SEACEN အဖွဲ့ဝင်ဗဟိုဘဏ် (၁၉) ဘဏ်တို့မှ ဒုတိယဥက္ကဋ္ဌများက ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အကြံပြု ဆွေးနွေးကာ လမ်းညွှန်မှုများ ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၉) ကြိမ်မြောက် တရုတ် - အာဆီယံကုန်စည်ပြပွဲနှင့် စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၆

**(၁၉) ကြိမ်မြောက် တရုတ် – အာဆီယံ ကုန်စည်ပြပွဲနှင့် စီပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော် ဖွင့်ပွဲအခမ်းအနားကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်နင်းမြို့ရှိ Nanning International Exhibition and Convention Center ၌ ယနေ့တွင် Hybrid စနစ်ဖြင့် ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ဗီဒီယိုအမှာစကား ပေးပို့ပြောကြားသည်။** (ယာပုံ)




ဖွင့်ပွဲအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာဟန်ကျန့်၊ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအုပ်ချုပ်ရေးမှူး၊ တရုတ်နိုင်ငံအခြေစိုက် အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများ၊ ကောင်စစ်ဝန်ချုပ်များနှင့် အာဆီယံ-တရုတ် ကုန်သည်လုပ်ငန်းရှင်များ တက်ရောက်ခဲ့ပြီး အာဆီယံနိုင်ငံများမှ အစိုးရအကြီးအကဲများ၊ ဒုတိယဝန်ကြီးချုပ်များ၊ ဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ကလည်း ဗီဒီယိုအမှာစကားများ ပေးပို့ပြောကြားခဲ့သည်။

ယခုပြုလုပ်သည့် (၁၉) ကြိမ်မြောက် တရုတ် – အာဆီယံ ကုန်စည်ပြပွဲကို ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၆ ရက်မှ ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် မြန်မာအမျိုးသားပြခန်းဆောင်နှင့် ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP) နိုင်ငံများပြခန်းဧရိယာတွင် မြန်မာနိုင်ငံကိုယ်စားပြုပြခန်းများ ပါဝင်ပြသလျက်ရှိသည့်အပြင် မြန်မာ့ပို့ကုန်ပစ္စည်းများ တိုးမြှင့်တင်ပို့နိုင်ရန်အတွက် ကုန်စည်ပြခန်းဆောင်တွင် ကျောက်မျက်ရတနာများ၊ သစ်သား ပရိဘောဂများ၊ လယ်ယာထွက်ကုန် ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများ စသည့် ကုန်စည်ပြခန်းများကို ပြခန်း ၃၀ ပါဝင်ပြသလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ဆရာ ဆရာမများအနေဖြင့် နိုင်ငံတော်ကအားထားရသော လူသားဥယျာဉ်မှူးကောင်းများဖြစ်အောင် ကြိုးစားကြရန်လိုအပ်

**နေပြည်တော် စက်တင်ဘာ ၁၆**

ဆရာ ဆရာမများသည် စာကိုလည်းသင်၊ လူကိုလည်း ပြင်ပေးသော နိုင်ငံတော်က အားထားရသည့် ပန်းပျိုးပေးသည့် လူသားဥယျာဉ်မှူးကောင်းများဖြစ်အောင် ကြိုးစားကြရန် လိုအပ်ကြောင်း မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုက တိုက်တွန်းပြောကြားလိုက်သည်။

ယနေ့ နံနက်ပိုင်းက မန္တလေးပညာရေးဒီဂရီကောလိပ် ပညာတန်ဆောင်ခန်းမ၌ ကျင်းပသည့် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာ သင်တန်း PPTT အမှတ်စဉ် (၈/၂၀၂၂) သင်တန်းသား သင်တန်းသူများ ကြိုဆိုပွဲ အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုက ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆရာ ဆရာမများသည် လူသားအရင်းအမြစ်များကို အဓိကမွေးထုတ်ပေးနေသည့်အတွက် ပညာရေးတွင် အခရာကျသည့် ပုဂ္ဂိုလ်များဖြစ်ပါကြောင်း၊ အမွန်မြတ်ဆုံးအလုပ်ဖြစ်သည့်အတွက် တန်ဖိုးထားကာ မိမိတို့အရည်အသွေး အစဉ်အမြဲ တိုးတက်နေအောင် ခေတ်နှင့်အညီ အစဉ်လေ့လာကြိုးစားနေရမည် ဖြစ်ကြောင်းကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။





ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် သင်တန်းသား သင်တန်းသူများ၏ တေးသီချင်းများဖြင့် သီဆိုကပြတင်ဆက်မှုများကို ကြည့်ရှုအားပေးပြီး သင်တန်းသား သင်တန်းသူများအတွက် ဂုဏ်ပြုငွေများ ချီးမြှင့်ပေးအပ်ကြသည်။

ယခု ဖွင့်လှစ်လိုက်သည့် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်းကို အခြေခံပညာ ကဏ္ဍအတွက် အရည်အသွေးမြင့်မားသော ဆရာ ဆရာမများ ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၄၆၃ ဦး တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး မြို့နယ် ၁၉ မြို့နယ်၌ ပဲတီစိမ်း ၈၃၈၇၄ ဧက စိုက်ပျိုးသွားမည်



**နေပြည်တော် စက်တင်ဘာ ၁၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ပဲခူးတိုင်းဒေသကြီး မြို့နယ် ၁၉ မြို့နယ်ရှိ စိုက်ပျိုးဧကပေါင်း ၈၃၈၇၄ ဧကတွင် ဆောင်းသီးနှံ ပဲတီစိမ်းစိုက်ပျိုးသွားမည်ဖြစ်ပြီး အဆိုပါ ဆောင်းသီးနှံ ပဲတီစိမ်း စိုက်ပျိုးရေး လုပ်ငန်းများကို သမဝါယမ ကန်ထရိုက်လယ်ယာစနစ်ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တောင်သူများနှင့်တွေ့ဆုံ**

ဦးစွာ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ပဲခူးမြို့ ရှင်စောပုခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဝန်ထမ်းများ၊ မြို့မိ မြို့ဖများ၊ သမဝါယမကန်ထရိုက်လယ်ယာစနစ်ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်ကြမည့် ပဲခူးမြို့နယ် ကျေးရွာအုပ်စုများမှ တောင်သူ ၁၅၀ တို့နှင့် တွေ့ဆုံ၍ နိုင်ငံတော်၏ နိုင်ငံ့စီးပွားမြှင့်တင်ရေး၊ လယ်ယာစီးပွားကဏ္ဍ မြှင့်တင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများ၊ ယင်းသို့ ဆောင်ရွက်ရာတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးမည့် အခြေအနေများ၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လမ်း၊ တံတား၊ မီးရရှိရေး၊ ရေရရှိရေး စသည့်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ နိုင်ငံတော်၏ မျှော်မှန်းချက်နှင့်အညီ ရာသီအလိုက် သီးနှံများကို အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးပြီး မိသားစုဝင်ငွေတိုးရေး၊ လူမှုစီးပွားဘဝမြင့်မားရေး ကြိုးပမ်းဆောင်ရွက်လျက် ကြွေးမြီကင်းရှင်းသော မိသားစုဘဝကို ပိုင်ဆိုင်ခွင့်ရအောင် ဆောင်ရွက်ကြရေး မှာကြားသည်။

ဆက်လက်၍ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက ပဲခူးတိုင်းဒေသကြီးအတွင်း သမဝါယမ ကန်ထရိုက် လယ်ယာစနစ်ဖြင့် ပဲတီစိမ်းစိုက်ပျိုးမည့် စီမံကိန်း အောင်မြင်ရေး ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ တောင်သူများအနေဖြင့် သမဝါယမ အကျိုးတူလယ်ယာစနစ် ဆောင်ရွက်ခြင်းဖြင့် ရရှိလာနိုင်မည့် အကျိုးကျေးဇူးများကို လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးစိုင်းကျော်မင်းက ပဲခူးတိုင်းဒေသကြီးအတွင်း ပဲတီစိမ်း စိုက်ပျိုးဆောင်ရွက်မည့် လျာထားချက်များကို လည်းကောင်း ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ယင်းနောက် ဒေသခံတောင်သူများ၏ ပဲတီစိမ်းစိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး သမဝါယမဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်သည်များ မှာကြားခဲ့ပြီး ဝန်ထမ်းများ၏ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ တင်ပြမှုအပေါ် ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ဆက်လက်၍ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၏ အသေးစားဓာတ်ခွဲခန်း (Mini Lab) အား ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဝေါမြို့နယ် မြို့နယ်ခန်းမ၌ ဝေါမြို့နယ်အတွင်း ကျေးရွာအုပ်စု ရှစ်အုပ်စုမှ စိုက်ပျိုးဧက ၆၃၂၉ ဧကတွင် ဆောင်းသီးနှံ ပဲတီစိမ်း စိုက်ပျိုးရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ ယင်းနောက် တောင်သူများက သိရှိလိုသည်များနှင့် ဒေသဖွံ့ဖြိုးရေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဒိုက်ဦးမြို့နယ် ကောလိယခန်းမ၌ ဒိုက်ဦးမြို့နယ် ကျေးရွာအုပ်စု ငါးအုပ်စုမှ စိုက်ပျိုးဧက ၁၁၁၁၉ ဧကတွင် ပဲတီစိမ်း စိုက်ပျိုးမည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ဒေသခံတောင်သူများ၏ ပဲတီစိမ်း စိုက်ပျိုးရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးတင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရင်းနှီးမြှုပ်နှံမှုအတွက် အခွင့်အလမ်းကောင်းများ ပိုင်ဆိုင်ထားသည့် မြန်မာ

ဝဏ္ဏ (TGI)

ဖိုရမ်သို့ တက်ရောက်လာသည့် အကြီးအကဲများနှင့် ကိုယ်စားလှယ်များသည် အကြီးအကဲ၏ ဆက်လက်ဆွေးနွေးမှုအပေါ် စိတ်ပါဝင်စားစွာ နားစွင့်နေကြသည်။ ဆွေးနွေးမည့် ခေါင်းစဉ်အရ ပထမအပိုင်းဖြစ်သည့် စားနပ်ရိက္ခာလုံခြုံရေး(Food Security) ကဏ္ဍတွင် မြန်မာနိုင်ငံ၏ အရေးပါမှုအကြောင်း ဆွေးနွေးမှုကို ကြားသိခဲ့ရပြီးဖြစ်သည်။ ဒုတိယအပိုင်းတွင် မည်သို့ဆွေးနွေးမည်နည်း။ ရင်းနှီးမြှုပ်နှံမှုအတွက် အခွင့်အလမ်းကောင်းများတွင် မည်သို့သော အကြောင်းအရာများပါဝင်မည်နည်း။ မည်သို့သော ဆွဲဆောင်နိုင်မည့် အခွင့်အလမ်းများပေါ်လာမည်နည်း။ မည်သူတို့ကို ရည်ညွှန်း၍ မည်သူတို့၏ ရပိုင်ခွင့်ကို ဖော်ဆောင်မည်နည်းကို စိတ်ဝင်စားကြသည်။ ခေတ်၏ပြောင်းလဲမှုအရ ဘက်တစ်ဖက်တည်းကသာ အသာရသည့် စီးပွားရေးစနစ်မဟုတ်ကြောင်း မည်သို့ဆွေးနွေးမည်လဲကို နားစွင့်ကြသည်။

**ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍကို ထည့်သွင်းဆွေးနွေး**

ဆွေးနွေးမှုခေါင်းစဉ်၏ ဒုတိယပိုင်းအဖြစ် ရင်းနှီးမြှုပ်နှံမှုအတွက် အခွင့်အလမ်းကောင်းများအတွက် အကြီးအကဲ၏ ဆက်လက်ဆွေးနွေးမှုတွင် အမိမြန်မာပြည်အတွက် ဂုဏ်ယူဝင့်ကြွားဟန်ကို ပိုမိုမြင်တွေ့ရသည်။ သဘာဝသယံဇာတပေါကြွယ်ဝသည့် နိုင်ငံ၏ အကြီးအကဲဖြစ်သည့်အတွက် ဆွေးနွေးမှုတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍကို ထည့်သွင်းဆွေးနွေးသည်။ မြန်မာနိုင်ငံ၏ ကမ်းလွန်ရေနံလုပ်ကွက် ၅၁ ကွက်အနက် လုပ်ကွက် ၈ ကွက်တွင် သဘာဝဓာတ်ငွေ့များ တွေ့ရှိထုတ်လုပ်ကာ ပြည်တွင်း၊ ပြည်ပသို့ တင်ပို့ရောင်းချနေမှုကို စတင်ဆွေးနွေးသည်။ လက်ရှိကာလတွင် ဘင်္ဂလားပင်လယ်အော်အတွင်း သဘာဝဓာတ်ငွေ့ ၂ ထရီလီယံကုဗပေကျော်တွေ့ရှိပြီး မကြာမီ စီးပွားဖြစ်ထုတ်ယူနိုင်တော့မည့်အခြေအနေ၊ အလားတူ ၎င်းထက်ပိုမိုကြီးမားသည့် ဓာတ်ငွေ့သိုက်တစ်ခုကို တူးဖော်နိုင်တော့မည့် အလားအလာကောင်းတွေ့ရှိရမှုအခြေအနေတို့ကို ထုတ်ဖော်ပြောဆိုရင်း နောင်လာမည့် သုံးနှစ်အတွင်း သဘာဝဓာတ်ငွေ့ကို အခြေခံသည့် စက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်၍ ရင်းနှီးမြှုပ်နှံလိုသူများကို ဖိတ်ခေါ်သည်။ အလားတူ မရှာဖွေ၊ မဖော်ထုတ်ရသေးသည့် ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကြေးနီ၊ သံ၊ ခဲမဖြူ စသည့် သတ္တုလုပ်ငန်းများတွင်ပါ လာရောက်လုပ်ကိုင်နိုင်ကြောင်းကို ဖိတ်ခေါ်ကမ်းလှမ်းသည်။

**ဈေးကွက်စီးပွားရေးစနစ်ဖြင့် ဆောင်ရွက်**

အမိမြန်မာနိုင်ငံသည် သဘာဝသယံဇာတပေါကြွယ်ဝသည့် နိုင်ငံဖြစ်သည်မှာ ပကတိအရှိတရားဖြစ်သည်။ ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းနှင့် လွတ်လပ်သည့် နိုင်ငံဖြစ်သည့်အပြင် စီးပွားရေးစနစ်ကိုလည်း ဈေးကွက်စီးပွားရေးစနစ်ဖြင့် ဆောင်ရွက်နေသည်။ ထိုသို့ နေထိုင်လုပ်ကိုင်နေသော်လည်း အချို့အနောက်နိုင်ငံကြီးများမှ ၎င်းတို့နှင့် အမြင်မတူရုံ၊ ၎င်းတို့အကျိုးအတွက် ၎င်းတို့ဖြစ်စေလိုသည့် နိုင်ငံရေးအခင်းအကျင်း မဖြစ်ရုံမျှဖြင့် ပိတ်ဆို့ခြင်း၊ တားမြစ်ခြင်းတို့ကို လက်နက်သဖွယ် အသုံးချလေ့ရှိသည်။ သို့သော် မြန်မာဟူသောနိုင်ငံသည် ထီးတည်းရပ်တည်သောနိုင်ငံမဟုတ်၊ အမျိုးအဆွေမည်သော မိတ်ဖက်နိုင်ငံများ၊ မိတ်ဆွေမည်သောနိုင်ငံများ များပြားစွာရှိသည်ကို မေ့လျော့နေဟန်ရှိသည်။ မြန်မာနိုင်ငံ၏ မဟာမိတ်သဖွယ်၊ မိတ်ကောင်းဆွေကောင်းသဖွယ် နိုင်ငံများအား ယခုလိုကမ်းလှမ်းမှုအပေါ် မည်သို့ဆိုလေဦးမည်မသိ။ မည်သို့ နှောင့်ယှက်ဖျက်ဆီးဦးမည်ကို မဆိုနိုင်၊ မည်သို့ဆိုစေကာမူ မြန်မာနိုင်ငံသည်ကား မိမိနိုင်ငံအမျိုးသားအကျိုးစီးပွားအတွက် လုပ်ဆောင်သင့်သည်များကို လုပ်ဆောင်နေသည်ကို အကြီးအကဲ၏ ဆွေးနွေးမှုတွင် သိသာနေသည်။

**စီးပွားရေးလုပ်ငန်းရှင်များအား ဖိတ်ခေါ်**

အကြီးအကဲ၏ ဆက်လက်ဆွေးနွေးမှုတွင် ရုရှားနှင့် မြန်မာနှစ်နိုင်ငံကြား အပြန်အလှန်ကူးသန်းရောင်းဝယ်နေမှုများပါသည်။ မြန်မာနိုင်ငံမှ ရုရှားနိုင်ငံသို့ စိုက်ပျိုးရေးနှင့် ရေထွက်ကုန်ပစ္စည်းများ တင်ပို့လျက်ရှိပြီး ရုရှားမှ မြန်မာသို့ ဓာတ်မြေဩဇာ၊ စက်သုံးဆီနှင့် ရေနံထွက်ပစ္စည်းများ တင်သွင်းနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ယခုထက်ပိုမိုတိုးမြှင့်နိုင်ပါက နှစ်နိုင်ငံအတွက် အကျိုးစီးပွားပိုမိုဖြစ်ထွန်းလာနိုင်မည်ကို သုံးသပ်ဆွေးနွေးပြောကြားသည်။ ၎င်းအပြင် ယခုဖိုရမ်သို့ တက်ရောက်လာသည့် ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များအား မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ဖိတ်ခေါ်မှုပြုသည်။ လုပ်ဆောင်နိုင်သည့် စီးပွားရေးလုပ်ငန်းများမှာ အနည်းငယ်မျှသော အရေအတွက်မဟုတ်၊

*စာမျက်နှာ ၇ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Eastern Economic Forum-2022 ၏ မျက်နှာစုံညီအစည်းအဝေး Plenary Session ၌ ဆွေးနွေးစဉ်။

**■ မြန်မာနိုင်ငံ၏ ကမ်းလွန်ရေနံလုပ်ကွက် ၅၁ ကွက်အနက် လုပ်ကွက် ၈ ကွက်တွင် သဘာဝဓာတ်ငွေ့များ တွေ့ရှိထုတ်လုပ်ကာ ပြည်တွင်း၊ ပြည်ပသို့ တင်ပို့ရောင်းချနေမှုကို စတင်ဆွေးနွေးသည်။ လက်ရှိကာလတွင် ဘင်္ဂလားပင်လယ်အော်အတွင်း သဘာဝဓာတ်ငွေ့ ၂ ထရီလီယံကုဗပေကျော်တွေ့ရှိပြီး မကြာမီ စီးပွားဖြစ်ထုတ်ယူနိုင်တော့မည့် အခြေအနေ၊ အလားတူ ၎င်းထက်ပိုမိုကြီးမားသည့် ဓာတ်ငွေ့သိုက်တစ်ခုကို တူးဖော်နိုင်တော့မည့် အလားအလာကောင်းတွေ့ရှိရမှုအခြေအနေတို့ကို ထုတ်ဖော်ပြောဆိုရင်း နောင်လာမည့် သုံးနှစ်အတွင်း သဘာဝဓာတ်ငွေ့ကို အခြေခံသည့် စက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်၍ ရင်းနှီးမြှုပ်နှံလိုသူများကို ဖိတ်ခေါ်သည်။ အလားတူ မရှာဖွေ၊ မဖော်ထုတ်ရသေးသည့် ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကြေးနီ၊ သံ၊ ခဲမဖြူ စသည့် သတ္တုလုပ်ငန်းများတွင်ပါ လာရောက်လုပ်ကိုင်နိုင်ကြောင်းကို ဖိတ်ခေါ်ကမ်းလှမ်းသည်**



မြန်မာနိုင်ငံ ကမ်းလွန်ရှိ ဇောတိကသဘာဝဓာတ်ငွေ့စီမံကိန်းလုပ်ကွက်ကို တွေ့ရစဉ်။

*စာမျက်နှာ ၆ မှ*

နယ်ပယ်စုံ၊ ကဏ္ဍစုံတွင် လာရောက်ရင်းနှီးမြှုပ်နှံနိုင်ကြောင်းနှင့် အခြားပြည်ပကုန်သွယ်ရေးအတွက် အခွင့်အလမ်းများစွာကို ပေးအပ်နိုင်စွမ်းရှိကြောင်းကိုလည်း ထည့်သွင်းဆွေးနွေးသည်။ များပြားလှစွာသော စီးပွားရေးကဏ္ဍများနှင့် ပြည်ပကုန်သွယ်ရေးအတွက် ဆွေးနွေးပြောကြားမှုတွင် နိုင်ငံတော်နှင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ အကျိုးစီးပွားကို ရှေးရှုသည်။ အလားတူ အာမခံချက်အဖြစ် အခွင့်အလမ်းများစွာကို ပေးအပ်နိုင်စွမ်းရှိသည်ဟု တည်ကြည်သော စကားကိုဆိုသည်။ မလိုသူများ၏ နည်းမျိုးစုံသော ထိုးနှက်မှုကြားတွင် အကြီးအကဲက ဖိုရမ်သို့ တက်ရောက်လာသူများကို သက်သေပြ၍ အာမခံစကားဖြင့် ဆိုခြင်းသည်ပင် မြန်မာဟူသော ဂုဏ်ကို မြှင့်တင်နိုင်ခဲ့ခြင်းဟု ဆိုနိုင်သည်။

**အကြံပြုသုံးသပ်ဆွေးနွေး**

ဆက်လက်ဆွေးနွေးမှုတွင် ယခုကျင်းပပြုလုပ်သည့် Eastern Economic Forum– 2022 ၏ ပူးပေါင်းဆောင်ရွက်မှုများသည် ယူရေးရှားဒေသတွင်း နိုင်ငံများနှင့် ဆက်ဆံရေးပိုမိုကောင်းမွန်လာစေရန် ပံ့ပိုးပေးလျက်ရှိမှု၊ ဒေသတွင်း အပြန်အလှန် ထိတွေ့ဆက်ဆံဆက်သွယ်မှုယန္တရားများ ရှိလာစေပြီး နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် အရှေ့ပိုင်းဒေသအား အနောက်နိုင်ငံများ၏ လွှမ်းမိုးမှုကို တွန်းလှန်နိုင်မည့် အခြေအနေများကိုလည်း ထည့်သွင်းဆွေးနွေးသည်။ အာရှဒေသတွင်း နိုင်ငံများ၏ ဆက်ဆံရေးကောင်း မွန်ခိုင်မာလာသည်နှင့် အမျှ မြောက်ပိုင်းမှ တောင်ပိုင်းသို့ ဆက်သွယ်သော နိုင်ငံတကာ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းတစ်ခု(International North South Transport Corridor–INSTC) ကို ဖော်ဆောင်လာနိုင်မည်။ ၎င်းမှတစ်ဆင့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုထွန်းကားလာကာ အာရှ–ပစိဖိတ်ဒေသ ပထဝီနိုင်ငံရေး တည်ငြိမ်ခိုင်မာလာကာ အားကောင်းလာနိုင်မည် စသည့်အကြောင်းအရာများကိုလည်း သုံးသပ်ဆွေးနွေးသည်။ အာရှဒေသတွင်း အင်အားတောင့်တင်းခိုင်မာသည့် တရုတ်၊ အိန္ဒိယ အစရှိသည့် ဆက်ဆံရေးကို ထူထောင်ထားခြင်းအားဖြင့် မိမိတို့မြန်မာနိုင်ငံအပါအဝင် အာရှဒေသနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးရာရောက်နိုင်ကြောင်းကိုလည်း အကြံပြုသုံးသပ်ဆွေးနွေးသည်။ အကြီးအကဲအနေဖြင့် စည်းလုံးခြင်းသည် အင်အားဟူသည့် ဆိုရိုးစကားနှင့်အညီ ဒေသတွင်း စည်းလုံးမှုကို ဖြစ်စေလိုဟန်ရှိသည်။ စည်းလုံးမှုမရှိပါလျှင် အနောက်နိုင်ငံကြီးအချို့၏ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး စသည့်နယ်ပယ်အစုံမှ အင်အားတိုးချဲ့လာမှု၊ ဖိအားပေးခြိမ်းခြောက်မှုတို့ကို ခံရနိုင်သည်ကို




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဆွေးနွေးမှုနှင့်ပတ်သက်၍ အခမ်းအနားမှူးက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးပြောကြားခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြန်လည်ရှင်းလင်းဆွေးနွေးစဉ်။**

အကြီးအကဲက ထောက်ပြသုံးသပ်ဆွေးနွေးခြင်းဟု ဆိုရမည်ဖြစ်သည်။

**အဓိကအခန်းကဏ္ဍ၌ရှိနေ**

အာရှ–ပစိဖိတ်ဒေသသည် မျက်မှောက်ကာလတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ရင်းနှီးမြှုပ်နှံရန် သင့်လျော်သည့်ဒေသအဖြစ် တွေ့မြင်ရမှုအခြေအနေ၊ အာဆီယံအဖွဲ့သည်လည်း အာရှ – ပစိဖိတ်ဒေသတွင်း အချက်အချာကျစွာ တည်ရှိနေမှုအရ ဒေသတွင်း သံတမန်ဆက်ဆံရေးနှင့် စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲများကိုလည်း ဦးဆောင်နိုင်သည့် အနေအထားတွင်ရှိနေသည့် အခြေအနေများကိုလည်း ထည့်သွင်းဆွေးနွေးသည်။ ၎င်းအပြင် အာဆီယံအနေဖြင့် လက်ရှိကာလတွင် ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ အားပြိုင်မှုများကြားတွင် ရှိနေမှု၊ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးကဏ္ဍများတွင် အဓိကအခန်းကဏ္ဍ၌ရှိနေပြီး ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်းများ ဖြတ်သန်းမှုအရ အာဆီယံ၏ ဗဟိုချက်မကျမှု(ASEAN Centrality) ကို အထင်အရှားမြင်တွေ့ရမှု အခြေအနေကိုလည်း သုံးသပ်ဆွေးနွေးသည်။ ဆွေးနွေးမှုတွင် ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ အားပြိုင်မှုကြားတွင် ရှိနေသည်ဟူသည့် ဆွေးနွေးချက်မှာ အလေးအနက်ထားရမည့် ကိစ္စတစ်ရပ်ဖြစ်သည်ဟု ထင်မြင်မိသည်။ အာဆီယံဒေသတွင်း အစည်းအဝေးများရှိသည့် ကာလ၊ အရေးကြီးဆုံးဖြတ်ချက်များ ချမှတ်ရန် စီမံနေသည့်ကာလများတွင် အနောက်နိုင်ငံကြီးအချို့၏ သံတမန်များရောက်ရှိလာမှု၊ ၎င်းတို့မလာရောက်မီ ဒေသတွင်းနိုင်ငံများ၏ ကြိုတင်ဆွေးနွေးမှု၊ ထုတ်ဖော်ပြောဆိုမှုများသည် ၎င်းတို့လာရောက်ပြီးချိန်တွင် ပြောင်းပြန်ဖြစ်သည့် အနေအထားသို့ ပြောင်းလဲသွားမှုများမှာ ဂရုပြုရမည့်အချက်များပင်ဖြစ်သည်။

**တစ်ချက်ခုတ် နှစ်ချက်ပြတ်သည့်ဆွေးနွေးမှု**

အကြီးအကဲက ဆက်လက်ဆွေးနွေးရာတွင် အာဆီယံဒေသမှ ရုရှားနိုင်ငံအလယ်ပိုင်းသို့ အနီးဆုံးကုန်းလမ်းကြောင်းတစ်ခုနှင့် အာဆီယံဒေသမှ တောင်အာရှဒေသ၊ ပင်လယ်ကွေ့ဒေသနှင့် အလယ်အာရှတို့မှတစ်ဆင့် ဆက်သွယ်ရေးလမ်းကြောင်းတစ်ခုတို့ မဖြစ်မနေလိုအပ်မှု၊ တရုတ်နိုင်ငံမှ ဆောင်ရွက်နေသည့် Belt and Road Initiative (BRI)နှင့် ပေါင်းစပ်ဆောင်ရွက်နိုင်မှုတို့ကိုလည်း ဆက်စပ်သုံးသပ်ကာ ဆွေးနွေးသည်။ တရုတ်၊ ရုရှား စသည့်နိုင်ငံများ၏ အကျိုးစီးပွားအတွက်သာမက အာဆီယံဒေသတွင်း နိုင်ငံများအတွက်ပါ ဆွေးနွေးမှုဖြစ်၍ တစ်ချက်ခုတ် နှစ်ချက်ပြတ်သည့်ဆွေးနွေးမှုဟု ဆိုရမည်ဖြစ်သည်။

**မြန်မာပြည်၏ ပကတိဖြစ်တည်မှု**

အာဆီယံဒေသတွင်း ကိစ္စရပ်များကို ဆွေးနွေးအပြီးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရ အရှေ့တောင်အာရှ၊ တောင်အာရှ၊ အနောက်ဥရောပနှင့် အာရှအရှေ့ပိုင်းဒေသများသို့ ကူးလူးဆက်သွယ်ရာတွင် အဓိကကျသောနေရာတွင် တည်ရှိနေမှုကို ရှင်းလင်းဆွေးနွေးသည်။ သဘာဝတောတောင်၊ ရေ၊ မြေ အလှများသာ စုစည်းရုံမဟုတ် ဒေသတွင်းကုန်သွယ်ရေး၊ ကူးလူးဆက်သွယ်ရေးတို့တွင်လည်း အချက်အချာကျစွာ တည်ရှိနေသည်ကပင် မြန်မာပြည်၏ ပကတိဖြစ်တည်မှုပင်ဖြစ်သည်။ ဤအတွက်လည်း အကြီးအကဲက ဆွေးနွေးမှုတွင် ဂုဏ်ယူမှုအပြည့်ဖြင့် ဆွေးနွေးခြင်းဟု ထင်မြင်မိသည်။

**အကျိုးကျေးဇူးများကို ရရှိနိုင်**

ထိုသို့သော အလှတရားသာ ပြည့်စုံသည်မဟုတ်၊ လာရောက်ရင်းနှီးမြှုပ်နှံမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် အဆင်ပြေချောမွေ့စေရေး လိုအပ်သည့် ဥပဒေများပြဋ္ဌာန်း၍ ဆောင်ရွက်ပေးလျက်ရှိမှုကို ထည့်သွင်းဆွေးနွေးခြင်းဖြင့် အလှတွင် အယဉ်ဆင့်မှုကို ဖော်ကျူးသည်။ ပထဝီအနေအထားအရ အချက်အချာကျမှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် လိုအပ်သည့် ဥပဒေများပြဋ္ဌာန်းပေးမှုတို့ဖြင့် ရင်းနှီးမြှုပ်နှံမည့်သူများအတွက် အကျိုးအမြတ်ရရှိနိုင်မှု၊ ကမ္ဘာ့စားနပ်ရိက္ခာလုံခြုံရေး (Food Security) အတွက် အထောက်အကူပြုမှုစသည်အကျိုးကျေးဇူးများကို ရရှိနိုင်ကြောင်း၊ သို့ဖြစ်၍ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံဆောင်ရွက်ကြရန် ဖိတ်ကြားအပ်ပါကြောင်း ပြောကြားရင်း ဆွေးနွေးမှုကို နိဂုံးချုပ်သည်။

*စာမျက်နှာ ၉ သို့*

❖ **အာရှ - ပစိဖိတ်ဒေသသည် မျက်မှောက်ကာလတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ရင်းနှီးမြှုပ်နှံရန် သင့်လျော်သည့်ဒေသအဖြစ် တွေ့မြင်ရမှုအခြေအနေ၊ အာဆီယံအဖွဲ့သည်လည်း အာရှ - ပစိဖိတ်ဒေသတွင်း အချက်အချာကျစွာ တည်ရှိနေမှုအရ ဒေသတွင်းသံတမန်ဆက်ဆံရေးနှင့် စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲများကိုလည်း ဦးဆောင်နိုင်သည့် အနေအထားတွင်ရှိနေသည့် အခြေအနေများကိုလည်း ထည့်သွင်းဆွေးနွေး**

❍ **၎င်းအပြင် အာဆီယံအနေဖြင့် လက်ရှိကာလတွင် ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ အားပြိုင်မှုများကြားတွင် ရှိနေမှု၊ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးကဏ္ဍများတွင် အဓိကအခန်းကဏ္ဍ၌ရှိနေပြီး ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်းများဖြတ်သန်းမှုအရ အာဆီယံ၏ဗဟိုချက်မကျမှု(ASEAN Centrality)ကို အထင်အရှားမြင်တွေ့ရမှု အခြေအနေကိုလည်း သုံးသပ်ဆွေးနွေးသည်။ ဆွေးနွေးမှုတွင် ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ အားပြိုင်မှုကြားတွင် ရှိနေသည်ဟူသည့် ဆွေးနွေးချက်မှာ အလေးအနက်ထားရမည့် ကိစ္စတစ်ရပ်ဖြစ်သည်ဟု ထင်မြင်မိ**

# အသုံးချခံကုလသမဂ္ဂနှင့် မြန်မာနိုင်ငံ၏ကိုယ်စားပြုမှု

ဇာမဏီ

(၇၇) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကို မကြာမီကျင်းပတော့မည်ဖြစ်ရာ မြန်မာနိုင်ငံ၏ကိုယ်စားပြုမှုနှင့် စပ်လျဉ်း၍ ပြည်ပသြဇာခံအဖွဲ့အစည်းအသီးသီးမှ NUG အကြမ်းဖက်အဖွဲ့ကို အသိအမှတ်ပြုရေး ဝိုင်းဝန်းလှုံ့ဆော်မှုများ ပြုလုပ်လျက်ရှိသည်။ ပြဿနာ၏အစမှာ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့သည့်ကိစ္စကြောင့် တပ်မတော်က နိုင်ငံတော်တာဝန်ရယူခဲ့သည့်အပေါ် အချို့သောဝန်ထမ်းများနည်းတူ နယူးယောက်မြို့ရှိ အမြဲတမ်းကိုယ်စားလှယ်တာဝန်ယူထားခဲ့သူ ကျော်မိုးထွန်းက နိုင်ငံတော်ကို သစ္စာဖောက်ဖျက်၍ ရာထူးကို အလွဲသုံးစားပြုခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်ရာ ၎င်းသည် မြန်မာနိုင်ငံကို ကိုယ်စားပြုခြင်းမရှိတော့ဘဲ နိုင်ငံတော်သစ္စာဖောက်ဖျက်မှုနှင့်တရားစွဲဆိုထားပြီး နိုင်ငံသားအဖြစ်မှလည်း ပယ်ဖျက်ထားပါသည်။ ထို့ကြောင့် မြန်မာအမြဲတမ်း ကိုယ်စားလှယ်နေရာကိုလည်းကောင်း၊ ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်မည့် မြန်မာကိုယ်စားလှယ်အဖွဲ့ကိုလည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက သီးသန့်တာဝန်ပေးအပ်ပြီး ဖြစ်ပါသည်။ သို့ရာတွင် ပြီးခဲ့သည့်နှစ်က (၇၆)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံတွင် မြန်မာနိုင်ငံ၏ ကိုယ်စားပြုမှုအပေါ် ဆုံးဖြတ်ရန် ရွှေ့ဆိုင်းခဲ့ပါသည်။

ကုလသမဂ္ဂအထွေထွေညီလာခံ၏ လုပ်ထုံးလုပ်နည်း Rule 29 အရ ကိုယ်စားပြုမှုနှင့် စပ်လျဉ်း၍ အထွေထွေညီလာခံက ဆုံးဖြတ်ချက် မချမှတ်ရသေးမီ လက်ရှိ ရှိနေသည့် အမြဲတမ်းကိုယ်စားလှယ်ကို ဆက်လက်ထားရှိရန် ပါရှိသည်။ ယင်းစည်းမျဉ်းကို အကြောင်းပြု၍ ကျော်မိုးထွန်းကို ဆက်လက်ထားရှိနေခြင်းဖြစ်ပြီး ယင်းမှာ NUG အကြမ်းဖက်အဖွဲ့ကို ကုလသမဂ္ဂက အသိအမှတ်ပြုထားခြင်း မဟုတ်ပေ။

### သခွပ်ပင်ကမီးတကျည်ကျည်

သို့ရာတွင် ကျော်မိုးထွန်းသည် NUG အကြမ်းဖက်အဖွဲ့ကိုကိုယ်စားပြုကြောင်း ကိုယ်တိုင်ပြောကြားခဲ့သလို ၎င်းအဖွဲ့ကထုတ်ပြန်သော ဝါဒဖြန့်စာစောင်များနှင့် လက်ရှိလှုပ်ရှားနေသော ကမ်ပိန်းများအရ တွေ့ရှိရသည်။ ယင်းမှာ အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်ရွှေ့ဆိုင်းမှုကို လက်တစ်လုံးခြားပြုကာ ကုလသမဂ္ဂမျက်နှာစာ အစည်းအဝေးများတွင် အစည်းအဝေးခေါင်းစဉ်နှင့် သက်ဆိုင်သည်ဖြစ်စေ မဆိုင်သည်ဖြစ်စေ မြေပြင်တွင်မရှိသော NUG အကြမ်းဖက်အဖွဲ့၏ လိုလားချက်များကို ကျော်မိုးထွန်းက သခွပ်ပင်က မီးတကျည်ကျည်ပြုနေခြင်းသာ ဖြစ်သည်။

အမှန်စင်စစ်တွင် **ကုလသမဂ္ဂသည် ကမ္ဘာ့နိုင်ငံများ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများက အားကိုးအားထားပြုရသည့် အတွင်းရေးမှုးချုပ်ဦးသန့်ခေတ်ကဲ့သို့ ဘက်မလိုက်သော၊ သမာသမတ်ကျသော ကုလသမဂ္ဂ၏ခေတ်သည် ကုန်ဆုံးခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သည်။** ကုလသမဂ္ဂ၏ လုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်းစည်းကမ်းများကို လိုသလိုအဓိပ္ပာယ်ဖွင့်ခြင်း၊ ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်များကို အင်အားကြီးနိုင်ငံများကသာလွှမ်းမိုးခြင်းနှင့် ကုလသမဂ္ဂပဋိညာဉ်စာတမ်းကို ကျော်လွန်သော R2P ကဲ့သို့ နည်းလမ်းများကို အသုံးပြုခြင်းတို့ဖြင့် ကုလသမဂ္ဂသည် သြဇာခံအဖွဲ့ကြီးအဖြစ် အသွင်ပြောင်းလာသည်မှာ အများအသိပင်ဖြစ်သည်။

### အမျိုးသားသစ္စာဖောက်များ

NUG အကြမ်းဖက်အဖွဲ့ကို လိုလားသူ ကျော်မိုးထွန်းသည် မြန်မာနိုင်ငံအပေါ် ကုလသမဂ္ဂမှ စစ်ရေးအရအင်အားသုံးဖြေရှင်းရေး၊ R2P ဝင်ရေးနှင့် No-fly zone သတ်မှတ်ရေးစသည်တို့ကို လမ်းကြောင်းခဲ့သော နိုင်ငံတော်ကို သစ္စာဖောက်ဖျက်သူသက်သက်သာဖြစ်သည်။ နိုင်ငံအပေါ် သစ္စာစောင့်သိသော မည်သည့်နိုင်ငံမှ ပညာရှင်သံတမန်မျိုးမှ မပြုလုပ်မည့် မပြုအပ်သော ကျင့်ဝတ်ချိုးဖောက်ခဲ့ခြင်းဖြစ်သည်။ အကြောင်းမှာ ယင်းသို့သော R2P အကြောင်းပြချက်ဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ခွင့်ပြုချက်မပါဘဲ NATO မှ လစ်ဗျားနိုင်ငံကို ၂၀၁၁ ခုနှစ်တွင် စစ်ရေးအရ တိုက်ခိုက်ခဲ့ခြင်းကြောင့် တစ်ချိန်ကကြွယ်ဝခဲ့သော လစ်ဗျားနိုင်ငံသည် ပဋိပက္ခများဖြင့် နစ်မျောလျက်ရှိသည်။ အကျိုးစီးပွားချင်းမတူသော ဒေသတွင်းနိုင်ငံများနှင့် အင်အားကြီးနိုင်ငံများက နိုင်ငံအတွင်း လက်နက်ကိုင်အဖွဲ့အမျိုးမျိုးကို ကျောထောက်နောက်ခံပြုထားခြင်းဖြင့် ငြိမ်းချမ်းရေးလမ်းစပျောက်လျက်ရှိသည်။ အလားတူ အဖျက်စွမ်းအားကြီးမားသောလက်နက်များရှိသည်ဟု အကြောင်းပြ၍ အမေရိကန်တို့ဆင်နွှဲခဲ့သော အီရတ်ကျူးကျော်စစ်ကြောင့် ယနေ့တိုင် လစဉ် အရပ်သားပြည်သူ ရာဂဏန်း သေဆုံးနေရဆဲဖြစ်သည်။ ကုလသမဂ္ဂ၏ ငြိမ်းချမ်းရေးတပ်ဖွဲ့များနှင့် အထူးနိုင်ငံရေးမစ်ရှင်များ စေလွှတ်ခြင်းခံရသော နိုင်ငံများတွင်လည်း ယင်းတပ်ဖွဲ့များကို ဆယ်စုနှစ်များစွာ လက်ခံထားသည့်တိုင် အခြေအနေများ ထူးခြားကောင်းမွန်လာခြင်းမရှိသည်ကို တွေ့ရမည်ဖြစ်သည်။ ယင်းသို့ မည်သည့်နိုင်ငံတွင်မျှ အောင်မြင်ခြင်းမရှိသည့်အပြင် နောင် မျိုးဆက်ပေါင်းများစွာကို ပဋိပက္ခဒုက္ခပေါင်းမျိုးစုံနှင့် ချန်ရစ်ရသည့် ကမ္ဘာ့နိုင်ငံအသီးသီး၏

❖ **ကုလသမဂ္ဂအထွေထွေညီလာခံ၏ လုပ်ထုံးလုပ်နည်း Rule 29 အရ ကိုယ်စားပြုမှုနှင့်စပ်လျဉ်း၍ အထွေထွေညီလာခံက ဆုံးဖြတ်ချက် မချမှတ်ရသေးမီ လက်ရှိရှိနေသည့် အမြဲတမ်းကိုယ်စားလှယ်ကို ဆက်လက်ထားရှိရန် ပါရှိသည်။ ယင်းစည်းမျဉ်းကို အကြောင်းပြု၍ ကျော်မိုးထွန်းကို ဆက်လက်ထားရှိနေခြင်းဖြစ်ပြီး ယင်းမှာ NUG အကြမ်းဖက်အဖွဲ့ကို ကုလသမဂ္ဂက အသိအမှတ်ပြုထားခြင်း မဟုတ်ပေ**

နမူနာများရှိသည့်တိုင်အောင် **မြန်မာနိုင်ငံကို စစ်ရေးအရ ဝင်ရောက်ရန်ဖိတ်ခေါ်သူအပေါင်းမှာ နိုင်ငံ၏အမျိုးသားအကျိုးစီးပွားထက်ပုဂ္ဂိုလ်ရေးကိုးကွယ်မှုဖြင့် အလုံးစုံပျက်သုဉ်းရေးကို လိုလားသူ အမျိုးသားသစ္စာဖောက်များသာဖြစ်သည်။**

ယင်းသို့သောအတ္တမှာ တစ်စတစ်စပိုမိုထင်ရှားခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံ၏ သမိုင်းတွင် မည်သည့်အခါကမျှ မရှိခဲ့သော "ရိုဟင်ဂျာ" ဆိုသည်ကို တိုင်းရင်းသားအဖြစ် အသိအမှတ်ပြု၍ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေကို ဖျက်သိမ်းရန် ပြောင်ပြောင်တင်းတင်းပြောကြားခဲ့သည့် NUG အကြမ်းဖက်အဖွဲ့၏ နိုင်ငံနှင့်လူမျိုးအပေါ် သစ္စာဖောက်မှု၊ မထောက်ထားမှုမှာလည်း ဘွင်းဘွင်းကြီးပေါ်ခဲ့ပြီဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်၏ မြန်မာနိုင်ငံရှိမွတ်ဆလင်များဟု ခေါ်ဆိုရေးအမိန့်၏နောက်တွင် "ရိုဟင်ဂျာ"အဖြစ် အသိအမှတ်ပြုရေး အာဂျင်ဒါမှာ ဖုံးဖိမရ ပေါ်ပေါက်ခဲ့ပြီး ဖြစ်သည်။ တစ်နည်းအားဖြင့် တပ်မတော်ကို ဖိအားပေးမည့်အကြောင်းအရာနှင့် အဖွဲ့အစည်းမှန်သမျှနှင့်ပေါင်း၍ ပြည်တွင်းတွင် တပ်မတော်အင်အား ချည့်နဲ့စေရေးနှင့် ပြည်ပနိုင်ငံများ၏သြဇာခံ၍ နိုင်ငံတကာမျက်နှာစာတွင် တပ်မတော်ဂုဏ်သိက္ခာကျဆင်းပြီး ဖြိုခွဲခံရရေးကိုသာ ဦးတည်ခဲ့သည်မှာ လယ်ပြင်မှာဆင်သွားသလို ထင်ရှားစေခဲ့ပြီ ဖြစ်သည်။

ကျူံခဲ့သော လွန်ခဲ့သော စကားနှင့်ကတိကဝတ်များအတွက် မြန်မာနိုင်ငံနှင့် ပြည်သူလူထုက မြေဇာပင်ဖြစ်ရသည့်တိုင် အနောက်နိုင်ငံများမှ ပေးအပ်သော အထောက်အပံ့မျိုးစုံတို့နှင့်အတူ ပါရှိလာသည့် သြဇာနှင့်ထိန်းချုပ်မှုတို့မှ ရုန်းထွက်၍ မရစကောင်း။ ယခုရက်ပိုင်းအတွင်း Special Advisory Council for Myanmar (SAC-M) ဆိုသည့် အဖွဲ့က မြန်မာနိုင်ငံ၏ ကိုယ်စားပြုမှုနှင့် ဆက်နွှယ်ပြီး NUG အကြမ်းဖက်အဖွဲ့သည် မြန်မာနိုင်ငံ၌ Effective Control ရှိသဖြင့် ၎င်းကို ကုလသမဂ္ဂက အသိအမှတ်ပြုရေး ရေလာမြောင်းပေး စာတမ်းဖြစ်သည်။ အကြောင်းမှာ နိုင်ငံတစ်နိုင်ငံ၏ ကိုယ်စားပြုမှုကို စဉ်းစားရာ၌ ယင်းနိုင်ငံကိုထိန်းချုပ်နိုင်စွမ်းရှိသည့်အစိုးရကို အသိအမှတ်ပြုကြောင်း ပညာရပ်ပိုင်းဆိုင်ရာစာတမ်းများကဆိုသည်။ သို့ဖြစ်ရာ SAC-M အမည်ရှိ အဖွဲ့က **NUG အကြမ်းဖက်အဖွဲ့သည် Effective Control ရှိကြောင်း ဝါဒဖြန့်စာတမ်းထွက်ရှိလာခြင်းဖြစ်သည်။ စင်စစ်တွင် တစ်ခုတည်းသောမေးခွန်းကို ဖြေနိုင်လျှင်ပင် အဖြေသိပြီဖြစ်သည်။ ယင်းမှာ ၎င်းတို့က အစိုးရဟုခေါ်သော NUG အကြမ်းဖက်အဖွဲ့သည် မည်သည့်နေရာတွင် အခြေစိုက်သလဲဟူသည့် မေးခွန်း၏အဖြေပင်ဖြစ်သည်။**

### လူစိတ်ကင်းမဲ့သူတစ်စု၏ အတ္တ

နိုင်ငံတစ်နိုင်ငံကို Effective control လုပ်နိုင်သည့် အစိုးရမြို့တော်ကို ထိန်းချုပ်နိုင်သည့် အစိုးရသည် တရားဝင်အစိုးရဖြစ်ကြောင်း တိုင်းတာသည့်သတ်မှတ်ချက်များဖြင့် တိုင်းတာပါက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်သုံးရပ်လုံးကို ထိရောက်စွာကိုင်တွယ်ဆောင်ရွက်နေသည့် အစိုးရဖြစ်ကြောင်း အငြင်းပွားဖွယ်မရှိပေ။ SAC-M ဆိုသည့်အဖွဲ့၏အဆိုအရ နိုင်ငံ့နေရာအနှံ့အပြားတွင် အကြမ်းဖက်မှုများဖြစ်ပွားနေသဖြင့် အစိုးရက ထိန်းချုပ်နိုင်စွမ်းမရှိကြောင်း လိုရာစွဲရေးသားနေခြင်းဖြစ်သည်။ NUG အကြမ်းဖက်အဖွဲ့အနေဖြင့် ကုလသမဂ္ဂတွင် အသိအမှတ်ပြုခံရရေးအတွက် နိုင်ငံတစ်ဝန်း အကြမ်းဖက်မှုများကျူးလွန်နေကြောင်း သက်သေပြသကဲ့သို့ဖြစ်ပြီး ယင်းအဖွဲ့၏အတ္တကို လှစ်ဟပြရာရောက်ပေသည်။ လက်တွေ့မြေပြင်တွင် အစိုးရက ထိန်းချုပ်နိုင်စွမ်းမရှိခြင်း မဟုတ်သကဲ့သို့ နယ်မြေများလက်လွတ်ရခြင်းမဟုတ်ဘဲ အကြမ်းဖက်သမားများက လက်နက်မဲ့အရပ်သားပြည်သူများကို ပစ်မှတ်ထားလုပ်ကြံသတ်ဖြတ်သည့် ရာဇဝတ်မှုများနှင့် အကြမ်းဖက်မှုများဖြစ်ပွားနေခြင်းသာ ဖြစ်သည်။ နယ်မြေလက်လွှတ်ရသည့် လက်နက်ကိုင်တိုက်ပွဲများမဟုတ်ဘဲ လက်နက်မဲ့အပြစ်မဲ့ပြည်သူများကို လုပ်ကြံသတ်ဖြတ်၍ အစိုးရကထိန်းချုပ်နိုင်စွမ်းမရှိကြောင်း လူပြိန်းကြိုက်သက်သေပြလိုသည့် လူစိတ်ကင်းမဲ့သူတစ်စု၏ အတ္တသာဖြစ်သည်။

လက်တွေ့၌ နိုင်ငံတစ်နိုင်ငံတွင်အစိုးရတစ်ရပ်၏ တရားဝင်မှုဆိုသည်မှာ ကုလသမဂ္ဂက သော်လည်းကောင်း၊ အဖွဲ့ဝင်နိုင်ငံများက သော်လည်းကောင်း ပေးအပ်၍ရသည့် အရာမဟုတ်သကဲ့သို့

◆ **ကုလသမဂ္ဂသည် ကမ္ဘာ့နိုင်ငံများ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများက အားကိုးအားထားပြုရသည့် အတွင်းရေးမှူးချုပ်ဦးသန့်ခေတ်ကဲ့သို့ ဘက်မလိုက်သော၊ သမာသမတ်ကျသော ကုလသမဂ္ဂ၏ခေတ်သည် ကုန်ဆုံးခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သည်။ ကုလသမဂ္ဂ၏ လုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်းစည်းကမ်းများကို လိုသလိုအဓိပ္ပာယ်ဖွင့်ခြင်း၊ ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်များကို အင်အားကြီးနိုင်ငံများကသာလွှမ်းမိုးခြင်းနှင့် ကုလသမဂ္ဂပဋိညာဉ်စာတမ်းကို ကျော်လွန်သော R2P ကဲ့သို့ နည်းလမ်းများကို အသုံးပြုခြင်းတို့ဖြင့် ကုလသမဂ္ဂသည် သြဇာခံအဖွဲ့ကြီးအဖြစ် အသွင်ပြောင်းလာသည်မှာ အများအသိပင်ဖြစ်သည်**

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၇ မှ*

ဖိုရမ်သို့ တက်ရောက်လာသည့် နိုင်ငံ့အကြီးအကဲများနှင့် ကိုယ်စားလှယ်များ ဩဘာလက်ခုပ်များ တီးကြသည်။ ကိုယ်စားလှယ်များမှာ စီးပွားရေးနှင့် ဆက်စပ်သည့် ဝန်ကြီးဌာနတာဝန်ရှိသူများ၊ နိုင်ငံအလိုက် စီးပွားရေးလုပ်ငန်းရှင်များဖြစ်သည့်အတွက် အကြီးအကဲ၏ ဒုတိယအပိုင်းဆွေးနွေးမှုကို ပိုမိုစူးစိုက်ကြသည်။ စီးပွားရေးလုပ်ငန်းများကို မြန်မာနိုင်ငံတွင် လုပ်ကိုင်ရင်းနှီးမြှုပ်နှံပါက ဖြစ်ပေါ်တိုးတက်လာနိုင်မည့် အလားအလာကို တွက်ဆကြသည်။ လိုအပ်လာမည့် စွမ်းအင်အရင်းအမြစ်အတွက်လည်း အခြေအနေကောင်းများကို အချိန်တိုအတွင်း ရရှိနိုင်မှုရှိနေသကဲ့သို့ အခြားကူးသန်းရောင်းဝယ်မှုအတွက်လည်း ပထဝီအနေအထားအရ ကောင်းမွန်လှသည်မို့ သူတို့စိတ်ပါဝင်စားမှုက ပိုမိုသည်မှာ မဆန်းလှ။

## ရလဒ်ကောင်းသို့သာဦးတည်

အကြီးအကဲ၏ ဆွေးနွေးမှုအပြီးတွင် အခမ်းအနားမှူးက သိရှိလိုသည်များကို မေးမြန်း၍ အကြီးအကဲက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ အမေးစကားအပေါ် အကြီးအကဲ၏ အဖြေစကားက ကျေနပ်ဖွယ်ဖြစ်စေရန် တိတိကျကျ ပြည့်ပြည့်စုံစုံ ဖြေကြားသည်။ ပကတိအရှိတရားကို ကြိုတင်ပြင်ဆင်ထားမှုဖြင့် ပြောကြားခြင်းဖြစ်၍ ချောချောမွေ့မွေ့သာ။ အမေး အဖြေပြုလုပ်အပြီးတွင် ရုရှားဖက်ဒရေးရှင်းသမ္မတ H.E. Vladimir Vladimirovich Putin က ဖြည့်စွက်ဆွေးနွေးသည့် အပြုသဘောဆောင်သည့် ချဉ်းကပ်ဆွေးနွေးမှုမှာလည်း ရလဒ်ကောင်းသို့သာ ဦးတည်သည်။

ထို့နောက် တက်ရောက်လာသည့် အာမေနီးယားနိုင်ငံဝန်ကြီးချုပ်၊ မွန်ဂိုးလီးယားနိုင်ငံဝန်ကြီးချုပ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌတို့က သက်ဆိုင်ရာခေါင်းစဉ်များအလိုက်ဆွေးနွေးခြင်း၊ အရှေ့ဖျားဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် အာရှ-ပစိဖိတ်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးခြင်း၊ အခမ်းအနားမှူးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတတို့က ပြန်လည်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်သည်။ တက်ရောက်လာသည့် သက်ဆိုင်ရာနိုင်ငံအလိုက် ဆွေးနွေးမှုများအပြင် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Norendra Modi၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် H.E. Ismail Sabri Yaakob နှင့် ဗီယက်နမ်ဝန်ကြီးချုပ် H.E. Plam Minh Chinh တို့ကလည်း Video Message များဖြင့် ပါဝင်ဆွေးနွေးကြသည်။ ဆွေးနွေးသည့်အကြောင်းအရာနှင့် ခေါင်းစဉ်များမတူညီသည့်တိုင် စည်းလုံးခြင်းကို ရှေးရှုကြသည့် အချက်များမှာတော့ တူညီသည်။

ဆွေးနွေးမှုများအပြီးတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ သမ္မတ H.E. Vladimir Vladimirovich Putin ကို အခမ်းအနားမှူးက လက်ရှိကမ္ဘာတွင်ဖြစ်ပေါ်နေသည့် ဖြစ်ပေါ်ပြောင်းလဲမှုများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ရပ်တည်ချက်များကို မေးမြန်း၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတကလည်း အကြောင်းတစ်ခုချင်းစီအလိုက် ပြန်လည်ဖြေကြားသည်။ ဖြေကြားမှုများအပြီးတွင် တက်ရောက်လာသည့် နိုင်ငံ့အကြီးအကဲများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

(၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (The 7th Eastern Economic Forum-2022)၏ မျက်နှာစုံညီအစည်းအဝေး Plenary Session ကမူ အောင်မြင်စွာ ပြီးမြောက်ခဲ့ပြီးဖြစ်သည်။ အစည်းအဝေးအရ ပြီးမြောက်ခြင်း၏ရလဒ်က မြန်မာနိုင်ငံအတွက် မည်သို့အကျိုးဖြစ်ထွန်းစေနိုင်သည်လဲကို မှန်းဆကြည့်ရုံဖြင့်ပင် မြင်သာသည်။ အမြင်၊ အကြားအားဖြင့် သိရှိလိုက်ရသော အကြီးအကဲများ၏ ဆွေးနွေးချက်များတွင် နိုင်ငံ၏အနာဂတ်အတွက် အဖြေက ပြည့်စုံစွာပါနေသည်။ အကြီးအကဲ၏ ဆွေးနွေးချက်၊ ရုရှားနိုင်ငံအပါအဝင် တက်ရောက်လာသည့် နိုင်ငံ့အကြီးအကဲများ၊ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် အများမြင်သာသည့် အခြေအနေပင်ဖြစ်သည်။ အမိမြန်မာပြည်၏ ရှေ့ရေးသည် ယခုဖိုရမ်မှအစပြု၍ ခေတ်မီဖွံ့ဖြိုးတိုးတက်ခြင်း၊ စီးပွားရေးအရ ကောင်းမွန်ခြင်း စသည့်မင်္ဂလာမည်သည့် ကောင်းခြင်းများသာ ရရှိလာတော့မည်ဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

---

*စာမျက်နှာ ၈ မှ*

## ■ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ယူထားသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ တရားဝင်မှုမှာ ဥပဒေအရရော လက်တွေ့မြေပြင်မှာပင် အငြင်းပွားရန်မရှိဘဲ ဩဇာပေးချင်သူ နိုင်ငံတစ်စုနှင့် ဩဇာခံအကြမ်းဖက်အဖွဲ့တို့က နိုင်ငံ့ဂုဏ်သိက္ခာကျဆင်းစေရန် ကုလသမဂ္ဂကို အသုံးချမှုတစ်ရပ်သာဖြစ်

မည်သို့သော အစိုးရက တရားဝင်သည်ဆိုသည့် ပုံသေနည်းမှာ နိုင်ငံတကာဥပဒေတွင် လည်း မပါရှိချေ။ သို့ရာတွင် အများအားဖြင့် တိုင်းတာသည်မှာ SAC-M ဆိုသည့်အဖွဲ့က ပြောကြားသည့် Effective Control အယူအဆဖြစ်ကြောင်း တွေ့ရှိရသည်။ သို့ဖြစ်ရာ မည်သည့်နေရာ၌ရှိမှန်း မသိရသော လေလှိုင်းအစိုးရ NUG အကြမ်းဖက်အဖွဲ့တွင် Effective Control မည်သို့ရှိမည်ကို စာဖတ်သူများ ကိုယ်တိုင်အဖြေထုတ်နိုင်မည်ဖြစ်သည်။ ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံ၏ အမှန်တကယ်ကိုယ်စားပြုမှုကို နယူးယောက်မြို့တွင် မျက်စိမှိတ်ငြင်းပယ်နိုင်သည့်တိုင် မြန်မာ့မြေပြင်တွင်တော့ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံထက်လျှော့၍ ဆက်ဆံ၍မရကြောင်း မကြာသေးမီက ကုလသမဂ္ဂအေဂျင်စီများမှ ကိုယ်စားလှယ်များက တရားဝင် ခန့်အပ်လွှာပေးခြင်းများက ပြသနေသည်။ စင်စစ်တွင် ကမ္ဘာဦးမှရှိခဲ့သော ကြီးနိုင်ငယ်ညှဉ်းဝါဒ (The law of the jungle) သည် ကုလသမဂ္ဂတွင် ကွယ်ဝှက်၍မရသော အရှိတရားဖြစ်သည်။ နိုင်ငံများ၏ ပြည်တွင်းရေးတွင် ဝင်ရောက်မစွက်ဖက်ရေး၊ အချုပ်အခြာအာဏာနှင့် နိုင်ငံတိုင်း အရွယ်အစားကို ပမာမထား တန်းတူရည်တူရှိရေး စသော ကုလသမဂ္ဂ၏ မူနှင့်တန်ဖိုးများသည် အာဖဂန်နစ္စတန်၊ အီရတ်၊ လစ်ဗျား၊ ဆီးရီးယား၊ ယီမင်စသောနိုင်ငံများ၏ ဖြစ်စဉ်များနှင့်အတူ ကွယ်ပျောက်ခဲ့ပြီးဖြစ်သည်။ စတင်ဖွဲ့စည်းစဉ်ကပင် စစ်နိုင်နိုင်ငံများက ပြဋ္ဌာန်းသော ကုလသမဂ္ဂပဋိညာဉ်စာတမ်း ကိုယ်၌တွင် ဟာကွက်များဖြင့် အားကြီးသူ အနိုင်ယူစတမ်း စီမံထားခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်ရာ ကုလသမဂ္ဂ၌ ဖြစ်ပေါ်နေသော မြန်မာနိုင်ငံ၏ ကိုယ်စားပြုမှုကိစ္စမှာ အစိုးရကို ဖိအားပေးသည့် နည်းလမ်းများအနက်မှ တစ်ခုဖြစ်ပြီး နိုင်ငံတကာက အသိအမှတ်မပြုခြင်း ဆိုသည်ထက် နိုင်ငံကြီးများက နိုင်ငံငယ်များကို အနိုင်ကျင့်စိုးမိုးသော ဥပမာတစ်ခုဖြစ်ပါသည်။ သို့သော် အနီးစပ်ဆုံးသော ဖြစ်စဉ်များအဖြစ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့တွင် စက်တင်ဘာလ ၇ ရက်နေ့၌ ကျင်းပပြုလုပ်ခဲ့သော (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (The 7th Eastern Economic Forum-2022) တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုင်ငံ၏အစိုးရအကြီးအကဲအဖြစ် ပါဝင်တက်ရောက်ဆွေးနွေးခဲ့သည့်အပြင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ သမ္မတ မစ္စတာပူတင်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်ကို ကမ္ဘာ့မီဒီယာစာမျက်နှာများထက်တွင် အထင်အရှား တွေ့ရမည်ဖြစ်သည်။

### ကုလသမဂ္ဂကို အသုံးချမှုတစ်ရပ်သာဖြစ်

၎င်းအပြင် Uzbekisten နိုင်ငံ Samarkand မြို့၌ စက်တင်ဘာလ ၁၅ ရက်မှ ၁၆ ရက်နေ့အထိ ကျင်းပပြုလုပ်မည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Shanhai Cooperation Organization-SCO)၏ (၂၂) ကြိမ်မြောက် နိုင်ငံ့အကြီးအကဲများကောင်စီ (Council of Heads of State) အစည်းအဝေးတွင် မြန်မာနိုင်ငံအား ဆွေးနွေးဖက်နိုင်ငံ (Dialogue Partner)အဖြစ် ဝင်ရောက်ခွင့်ပြုရေး ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အထူးကိုယ်စားလှယ်မှ တင်သွင်းနိုင်ရေး စီမံဆောင်ရွက်နေမှုများမှာ နိုင်ငံ၏ ကိုယ်စားပြုမှုကို ထင်ရှားသည့် သက်သေများပင်ဖြစ်ပါသည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ယူထားသောနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ တရားဝင်မှုမှာ ဥပဒေအရရော လက်တွေ့မြေပြင်မှာပင် အငြင်းပွားရန်မရှိဘဲ ဩဇာပေးချင်သူ နိုင်ငံတစ်စုနှင့် ဩဇာခံအကြမ်းဖက်အဖွဲ့တို့က နိုင်ငံ့ဂုဏ်သိက္ခာ ကျဆင်းစေရန် ကုလသမဂ္ဂကို အသုံးချမှုတစ်ရပ်သာဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

---

◆*ရှေ့ဖုံးမှ*

အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်သွားရန် လိုအပ်လျက်ရှိပါသည်။

ထို့အပြင် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများတွင် ဆောင်ရွက်ရသည့် အီလက်ထရောနစ်စနစ်ဖြင့် ဆက်သွယ်ဆောင်ရွက်သူများအား ကောင်းစွာသိရှိခြင်း (Electronic - Know Your Customer (e-KYC)) လုပ်ငန်းစဉ်အား နိုင်ငံတကာစံနှုန်းများနှင့်အညီ မိုဘိုင်းငွေကြေး စာရင်းများတွင် ဖြည့်စွက်ထားသည့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ဆင်းမ်ကတ်နံပါတ်တို့အား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အီလက်ထရောနစ်မှတ်ပုံတင်ခြင်း ဒေတာဘေ့စ် (e-ID Database) နှင့် ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန၏ ဆင်းမ်ကတ်မှတ်ပုံတင်ခြင်း ဒေတာဘေ့စ် (SIM Registration Database) များရှိ အချက်အလက်များဖြင့် တိုက်ဆိုင်စစ်ဆေးခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့ကြောင့် အသုံးပြုသူများအနေဖြင့် ဆက်သွယ်ဆောင်ရွက်သူများအား ကောင်းစွာသိရှိခြင်း (KYC) အချက်အလက်များ ပြည့်စုံစွာ ဖြည့်စွက်သွားရန် လိုအပ်ပါသည်။ အချက်အလက်ဖြည့်သွင်းခြင်းအား သတ်မှတ်ကာလအတွင်း ဆောင်ရွက်နိုင်ခြင်းမရှိသည့် မိုဘိုင်းငွေကြေးစာရင်းများအား အပြီးတိုင် ပိတ်သိမ်းသွားမည်ဖြစ်ပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ တရားဝင်ခွင့်ပြုချက်ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသော ဘဏ်ဦးဆောင်မှုပုံစံဖြင့် ဆောင်ရွက်လျက်ရှိသည့် မိုဘိုင်းပေးဝန်ဆောင်မှုလုပ်ငန်းများ၊ မိုဘိုင်းဘဏ်လုပ်ငန်းဆောင်ရွက်ခွင့် ရရှိထားသောဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ရောင်းချသူကိုယ်စား ငွေကောက်ခံရှင်းလင်းသည့်စနစ်ဝန်ဆောင်မှုလုပ်ငန်းစသည့် မိုဘိုင်းငွေပေးချေမှု အသုံးပြုသူများအနေဖြင့် နီးစပ်ရာကိုယ်စားလှယ် (Agent) များ/ ဘဏ်များသို့ သွားရောက်၍ မိမိတို့၏ ကိုယ်ရေးအချက်အလက်များအား အဆင့် ၂ (Level 2) အဆင့်သို့ အချိန်မီမြှင့်တင်ရန် လိုအပ်ကြောင်းနှင့် အဆင့် ၂ (Level 2) သို့ တိုးမြှင့်လိုခြင်းမရှိသော မိုဘိုင်းငွေကြေးစာရင်းပိုင်ရှင်များအနေဖြင့် မိမိတို့လက်ကျန်ငွေများအား အသုံးပြုနိုင်မည့် နည်းလမ်းများကို ဘဏ်များ၊ မိုဘိုင်း ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ဆက်သွယ်ဆောင်ရွက်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

(၁၆-၉-၂၀၂၂)

---

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၁၆**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။

မိုး/ဇလ

# ခရီးသွားလုပ်ငန်းနှင့် ပတ်သက်ပြီးတွေ့ကြုံနေရသော အခက်အခဲများ၊ ကူညီပံ့ပိုးရမည့်ကိစ္စရပ်များကို တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က ဝိုင်းဝန်းဆောင်ရွက်ပေးသွားမည်

**ထားဝယ် စက်တင်ဘာ ၁၆**

ခရီးသွားလုပ်ငန်းနှင့် ပတ်သက်ပြီးတွေ့ကြုံနေရသော အခက်အခဲများ၊ ကူညီပံ့ပိုးရမည့် ကိစ္စရပ်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ဝိုင်းဝန်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ယမန်နေ့နံနက် ၁၀ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် တနင်္သာရီတိုင်းဒေသကြီးဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ (၃/၂၀၂၂) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည်။ **(ယာပုံ)**



ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် စားဝတ်နေရေးအဆင်ပြေစွာနေနိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရေးအတွက် ခရီးသွားလုပ်ငန်းသည် အဓိကကျကြောင်း၊ တိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသောကြောင့် ပွင့်လင်းရာသီကာလတွင် ခရီးသွားလုပ်ငန်းများ ပိုမိုတိုးတက်လာနိုင်ကြောင်း၊ မကြာမီကာလတွင်သီတင်းကျွတ်ရာသီနှင့် နှစ်ကျိပ်ရှစ်ဆူ တန်ဆောင်တိုင် ဘုရားလှည့်လည်ပူဇော်ပွဲ ရောက်ရှိတော့မည်ဖြစ်သည့်အတွက် တိုင်းဒေသကြီးသို့ ခရီးသွားနှင့် ဘုရားဖူးဧည့်သည်များဖြင့် ပိုမိုစည်ကားလာနိုင်ကြောင်း၊ တက်ရောက်လာသူများအနေဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က ကူညီဆောင်ရွက်ပေးရမည့်လုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းနှင့် ပတ်သက်ပြီး လိုအပ်သောအကြံဉာဏ်များကို ဝိုင်းဝန်းဆွေးနွေးပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက်တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီး ဦးမောင်ကြီးက ဖြည့်စွက်ဆွေးနွေးပြောကြားပြီး ကော်မတီအတွင်းရေးမှူးက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များ အပေါ်ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ကော်မတီမှဆုံးဖြတ်ပေးရမည့် ဝန်ဆောင်မှုကဏ္ဍအလိုက် လုပ်ငန်းလိုင်စင် လျှောက်ထားခြင်းဆိုင်ရာ အမှာစာများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ကော်မတီဝင်များက တိုင်းဒေသကြီးအတွင်း၌ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍစနစ်တကျဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကလေးငယ်များသည် အနာဂတ်အတွက် တန်ဖိုးရှိသော ရတနာများဖြစ်၍ ကလေးတစ်ဦးချင်းစီကို တန်ဖိုးထားပြုစုပျိုးထောင်ပေးရန်လို

**နေပြည်တော် စက်တင်ဘာ ၁၆**

ကလေးငယ်များသည် အနာဂတ်အတွက် တန်ဖိုးရှိသော ရတနာများဖြစ်၍ ကလေးတစ်ဦးချင်းစီကို တန်ဖိုးထားပြုစုပျိုးထောင်ပေးခြင်းဖြင့် ၎င်းတို့၏ ရေရှည်ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်အခြေခံကောင်းများ ရရှိစေနိုင်မည်ဖြစ်ကြောင်း ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က ပြောကြားသည်။



နေပြည်တော်အတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာန၊ ရင်သွေးရတနာမူလတန်းကြိုကျောင်း၊ တော်ဝင်ရတနာမူလတန်းကြိုကျောင်းနှင့် နန်းထိုက်ရတနာ မူလတန်းကြိုကျောင်းများသို့ ယနေ့ နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင် သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ယင်းသို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် ဒုတိယဝန်ကြီးက ကလေးငယ်များအား ကျန်းမာပျော်ရွှင်စွာဖြင့် နေ့စဉ်သင်ကြားလေ့ကျင့်မှုများ ဆောင်ရွက်နိုင်ရန် အဓိက ဦးစားပေးလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ လက်ဆေးခြင်းအလေ့အထနှင့် ကိုဗစ်စည်းမျဉ်းများနှင့်အညီ နေထိုင်တတ်စေရန် သင်ကြားပေးရမည်ဖြစ်ကြောင်း၊ ကလေးငယ်များမှတစ်ဆင့် မိဘအုပ်ထိန်းသူများကိုလည်း ဖြန့်ဝေပေးနိုင်စေရန် လေ့ကျင့်သင်ကြားပေးနိုင်ပါကြောင်း သက်ဆိုင်ရာမူလတန်းကြို ကျောင်းများက ကျောင်းအုပ်များ၊ ဆရာမများနှင့် ကျောင်းသားမိဘများအား တွေ့ဆုံ၍ မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မူလတန်းကြိုကျောင်းများတွင် ကလေးများအား သင်ကြားလေ့ကျင့်နေမှုများနှင့် ကျောင်းခန်းအတွင်း၊ အပြင်သင်ယူရန်နေရာများ၊ ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်တို့ကို လှည့်လည်ကြည့်ရှုပြီး ၎င်းတို့၏ ဖွံ့ဖြိုးမှုကို ကိုယ်ပိုင်စွမ်းရည်များ အပြည့်အဝရရှိစေရန်နှင့် တတ်မြောက်နိုင်စွမ်းရရှိသည်အထိ ပံ့ပိုးပေးနိုင်သည့် ပတ်ဝန်းကျင်ကောင်းများအဖြစ် မိဘများ၊ ဆရာမများ ဝိုင်းဝန်း၍ ဟန်ချက်ညီ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဦးစီးဌာနအနေဖြင့်လည်း ဆန်းစစ်လေ့လာ၍ ကလေးများအတွက် သင်ကြားလေ့ကျင့်ပေးနိုင်မည့်နည်းလမ်းများကို ဖော်ထုတ်ခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ရပ်ရွာများအထိ မူကြိုနည်းပညာများ ပျံ့နှံ့ရောက်ရှိနိုင်စေရေးအတွက် မူကြိုဆရာမများ မွေးထုတ်ခြင်း၊ သင်ကြားလေ့ကျင့်ပေးခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ရမည် ဖြစ်ကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အော်ဂဲနစ်စိုက်ပျိုးရေးဆိုင်ရာ လမ်းညွှန်ချက်များ ရေးဆွဲပြဋ္ဌာန်းနိုင်ရေးကြိုးပမ်း

**နေပြည်တော် စက်တင်ဘာ ၁၆**

နိုင်ငံတကာ၌ အစားအစာဘေးကင်းလုံခြုံရေးနှင့် အာဟာရပြည့်ဝရေးလုပ်ငန်းများနှင့်အတူ အော်ဂဲနစ်စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်မှုများလည်း တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ၏ အော်ဂဲနစ် စိုက်ပျိုးရေးဆိုင်ရာ လျှောက်ထားခြင်း၊ စစ်ဆေးခြင်း၊ ထောက်ခံချက်ပေးခြင်းလုပ်ငန်းများ၊ အော်ဂဲနစ်စနစ်ကျင့်သုံးခြင်းများ တွင် အာဆီယံကုန်သွယ်ဖက်နိုင်ငံများ၏ အော်ဂဲနစ်ဆိုင်ရာ လမ်းညွှန်ချက်များ အစီအစဉ်များနှင့် တစ်ပြေးညီဖြစ်စေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက အော်ဂဲနစ် စိုက်ပျိုးရေးဆိုင်ရာ လမ်းညွှန်ချက်များ ရေးဆွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လမ်းညွှန်ချက်များ ရေးဆွဲနိုင်ရေးအတွက် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းနိုင်ရေး၊ အော်ဂဲနစ် စိုက်ပျိုးရေးဆိုင်ရာ လမ်းညွှန်ချက်များ ပြင်ဆင်ရေး၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပရေးနှင့် ဌာနဆိုင်ရာနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ သဘောထားမှတ်ချက်များ တောင်းခံနိုင်ရေးစသည့်လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၄ ရက်က နေပြည်တော်ရုံးအမှတ် (၄၃) အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ **(အောက်ဝဲပုံ)**



အစည်းအဝေးတွင် အော်ဂဲနစ်ထောက်ခံချက်ပေးရေးလုပ်ငန်းစဉ်တွင် ပါဝင်သည့် အဖွဲ့အသီးသီး၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ၊ ပြင်ဆင်ထားရှိရမည့် စည်းမျဉ်းများနှင့် အထောက်အထားမှတ်တမ်းများ၊ အော်ဂဲနစ်စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းခွင်ကို စစ်ဆေးမည့် နည်းလမ်းများ၊ ထောက်ခံချက်ပေးရေး အစီအစဉ်နှင့် ဆိုင်းငံ့ခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်း၊ အရေးယူခြင်းစသည့် အော်ဂဲနစ် ထောက်ခံချက်ပေးရန် လိုက်နာရမည့် လမ်းညွှန်ချက်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

○ *ကျောဖုံးမှ*

အမှတ် DF-1631 တွဲဆိုင်းအား တိုင်းအမှတ်(၆) -(ရန်ကုန်) တိုင်းတာဝန်ခံ ဦးယဉ်မင်းဦးနှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည်များပက်ဖျန်းပြီး နံနက် ၆ နာရီခွဲတွင် စတင်ထွက်ခွာခဲ့ရာ လက်ပံတန်းဘူတာသို့ နံနက် ၈ နာရီတွင် ဆိုက်ရောက်ပြီး လက်ပံတန်းဘူတာမှ မြန်မာ့မီးရထား အောက်မြန်မာပြည် (ရန်ကုန်) အထွေထွေမန်နေဂျာ ဦးနေမျိုးအေးနှင့်အဖွဲ့ဝင်များ၊ လက်ပံတန်းဘူတာ အထူးတန်းရုံပိုင်ကြီး ဦးရဲမင်းနှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

အဆိုပါ လက်ပံတန်း - သာရဝေါ လော်ကယ်ရထားခရီးစဉ်ကို စက်တင်ဘာ ၁၆ ရက်မှစတင်၍ တစ်ပတ်လျှင် တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့များတွင် သာရဝေါဘူတာမှ နံနက် ၆နာရီခွဲတွင် ထွက်ခွာ၍ လက်ပံတန်းဘူတာသို့ ၈နာရီခွဲတွင်ရောက်ရှိမည့် အမှတ်(၁၉၆)အစုန်ခရီးစဉ်နှင့် လက်ပံတန်းဘူတာမှ မွန်းလွဲ ၂ နာရီခွဲတွင်ထွက်ခွာပြီး သာရဝေါဘူတာသို့ ညနေ ၅ နာရီတွင် ရောက်ရှိမည့် အမှတ်(၁၉၅)အဆန်ခရီးစဉ်ကို လမ်းခရီးတွင် ညောင်ဝိုင်း၊ ကျောက်အိုင်၊ စည်ပင်သာယာ၊ ခမုံဆိပ်၊ မြစ်မခ၊ သံဖြူရုံ၊ ကညင်တို၊ ဇီးဖြူကုန်း၊ ဇီးဖြူကုန်းရွာမ၊ ဘူတာ ကိုးဘူတာ ထွက်ခွာပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထား လက်ပံတန်းဘူတာရုံပိုင်ကြီးထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

အိမ်ပြင်ပ၌ထွန်းသော မီးများကို
နေ့အလင်းရောင်ရှိချိန်တွင်
ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# ဝေါမြို့နယ်ရှိ ဧက ၁၀၀ စပါးမျိုး ရှစ်မျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်အတွင်း မျိုးကွဲနုတ်ပယ်

**ပဲခူး စက်တင်ဘာ ၁၆**

ဝေါမြို့နယ် ကျိုက်လှကျေးရွာ အုပ်စုရှိ တောင်သူ ၁၁ ဦးပိုင် တစ်ကွင်းတစ်ဆက်တည်း တစ်ဧက တင်း ၁၀၀ထွက်ရှိရေး ဧက ၁၀၀ စပါးမျိုး ရှစ်မျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်အတွင်း မျိုးကွဲနုတ်ပယ်နေမှုကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးခဲ့ပြီး (ဝဲပုံ) တစ်နှစ် သုံးသီး စိုက်ပျိုးမည့် တောင်သူများ၊ မျိုးစပါးနှင့် စံပြကွက်စိုက်တောင်သူများအတွက် ဓာတ်မြေဩဇာအမြန်ဆုံး ခွဲဝေပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးပြီး ကျွဲ/နွားနှင့် ဒေသကြက် မွေးမြူသူများအတွက် တိရစ္ဆာန်အစာအဖြစ် နေပီယာမြက် အစားထိုး သုံးစွဲနိုင်ရေးအတွက် နေပီယာမြက် စိုက်ပျိုးနည်းအသိပညာပေးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဝေါမြို့နယ် ပုကိုင်တာပေါ်ရှိ တိုင်းဒေသကြီး အစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မိုးယွန်းကြီး ရေပိုလွှဲ တည်ဆောက်ပြီးစီးမှုအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ဝန်ကြီးချုပ်က ပုကိုင်တာရေရှည်တည်တံ့ ခိုင်မြဲစေရေးအတွက် မြေထိန်းနံရံများ ထိန်းသိမ်းစောင့်ရှောက်ရန်၊ မိုးယွန်းကြီးအင်းသည် ကမ္ဘာ့ရေတိမ်ဒေသဖြစ်၍ ရေတံခါးမှ ရေထုတ်ရာတွင် သတ်မှတ်ညွှန်ကြားချက်များနှင့် အညီ ဆောင်ရွက်ရန်နှင့် နွေစပါးရေရရှိရေး အကျိုးရှိရှိ ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဝေါ-အင်းတိုင်စုလမ်း ကွန်ကရစ်လမ်းခင်းနေမှုကို လည်းကောင်း၊ ဝေါမြို့နယ် ပွန်စု အခြေခံပညာ မူလတန်းလွန်ကျောင်းရှိ စာသင်ခန်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဝေါမြို့ မြို့မဈေးအတွင်း ဈေးရောင်းချနေသည့်ဈေးသည်မိသားစုဝင်များ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (Myancopharm) ထပ်ဆောင်း Booster ထိုးနှံနေမှုကို ကြည့်ရှုအားပေးပြီး ပဲခူးမြို့ ဟံသာဝတီ ရှေးဟောင်းကျုံး သဘာဝရေပြင် အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ တက်ရောက်ပြီး ငါးခုံးမကောင်ရေ နှစ်သိန်းနှင့် ငါးမြစ်ချင်းကောင်ရေ နှစ်သိန်း မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# အမ်းမြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းရှိ အသက် ငါးနှစ်မှ ကိုးနှစ်အထိ ကျောင်းသား ကျောင်းသူများအား ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးနှံ

**နေပြည်တော် စက်တင်ဘာ ၁၆**

ရခိုင်ပြည်နယ် အမ်းမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းရှိ အသက် ငါးနှစ်မှ ကိုးနှစ်အထိ ကျောင်းသား ကျောင်းသူများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယနေ့တွင် ကွင်းဆင်းဆောင်ရွက်ပေးသည်။

ဦးစွာ ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား ကျောင်းသူ ၄၄၀ တို့ကို လိုအပ်သည့်ကျန်းမာရေးစစ်ဆေးပေးမှုများ ဆောင်ရွက်ပေးသည်။ ထို့နောက် ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား ကျောင်းသူများကို ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးများထိုးနှံပေးကြသည်။ ယင်းသို့ဆောင်ရွက်ပေးနေမှုများကို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်မင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ရခိုင်ပြည်နယ် (၂၃) ကြိမ်မြောက် ပြည်နယ်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၆**

ရခိုင်ပြည်နယ် (၂၃) ကြိမ်မြောက် ပြည်နယ်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုချီးမြှင့်ခြင်းကို ယနေ့ နံနက်ပိုင်းက စစ်တွေမြို့ရှိ ဦးဥတ္တမခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒိုင်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြသည်။




ဦးစွာ ဆုပေးပွဲကို ရခိုင်ပြည်နယ်ယဉ်ကျေးမှုအဖွဲ့က ဆီမီးတစ်ထောင်ကြာသွပ်ပွဲ ယိမ်းအကဖြင့် ဖျော်ဖြေတင်ဆက်၍ ဖွင့်လှစ်သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက (၂၃) ကြိမ်မြောက် ပြည်နယ်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဒိုင်အဖွဲ့ဝင်များနှင့် ဆုရရှိကြသူများအား ဂုဏ်ပြုဆုတံဆိပ်များ၊ ဂုဏ်ပြုမှတ်တမ်းလွှာများ၊ ဂုဏ်ပြုငွေသားဆုများနှင့် ဂုဏ်ပြုပန်းခြင်းများ အသီးသီး ပေးအပ်ချီးမြှင့်ကြပြီး ဆုရရှိသူများ၏ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သတင်းနှင့်ဓာတ်ပုံသည် တွဲဖက်လျက်ရှိသည့်အတွက် သတင်းဓာတ်ပုံ ရိုက်ကူးသူ၏ အတွေးအခေါ်သည်အရေးကြီး

**နေပြည်တော် စက်တင်ဘာ ၁၆**

သတင်းတွင် ဓာတ်ပုံသည် အရေးကြီးကြောင်း၊ သတင်းနှင့် ဓာတ်ပုံသည် တွဲဖက်လျက်ရှိသည့်အတွက် သတင်းတွင် ပါဝင်သည့် အချက်အလက်နှင့်ဓာတ်ပုံတွင် ပါဝင်သည့် အချက်အလက်သည် ထင်ဟပ်ပေါ်လွင်စေရန် သတင်းဓာတ်ပုံ ရိုက်ကူးသူ၏ အတွေးအခေါ်သည် အရေးကြီးကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က ပြောကြားသည်။

ယနေ့ မွန်းလွဲပိုင်းတွင် ကျင်းပသည့် ဓာတ်ပုံရိုက်ကူးတည်းဖြတ်နည်းသင်တန်း (၁/၂၀၂၂) သင်တန်းဆင်းပွဲတွင် ဒုတိယဝန်ကြီးက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။



ဆက်လက်၍ ဒုတိယဝန်ကြီးက ပြင်ပနည်းပြ ဓာတ်ပုံပညာရှင်များက ဓာတ်ပုံရိုက်ကူးတည်းဖြတ်နည်း ဘာသာရပ်များ၊ Indoor, Outdoor လက်တွေ့ရိုက်ကူးခြင်းတို့ကို သင်ကြားပေးခဲ့သည့်အပြင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ဦးစီးဌာနနည်းပြများက သတင်း၏ အခြေခံဖွဲ့စည်းတည်ဆောက်ပုံ၊ သတင်းနှင့် သတင်းဆောင်းပါးများ ရေးသားခြင်း၊ အွန်လိုင်းအသုံးပြု၍ သတင်းများ ထုတ်ပြန်ခြင်း၊ သတင်းအပြန်အလှန် စီးဆင်းရေး ဘာသာရပ်များကို သင်ကြားပို့ချပေးခဲ့ကြောင်း။ သင်တန်းသားများအနေဖြင့် ပို့ချလိုက်သည့် ပညာရပ်အပြင် ယခုထက် ဆပွားတိုး၍ တိုးတက်သည့် နည်းပညာများဖြင့် ပိုပြီးကောင်းမွန်အောင် ရိုက်ကူးတင်ဆက် နိုင်ရန်နှင့် သတင်းရေးသား ထုတ်ပြန်သည့်နေရာတွင်လည်း သတင်းနှင့် ကိုက်ညီသည့် ဓာတ်ပုံကို အနှစ်သာရမြောက်အောင် ရိုက်ကူးနိုင်ရန် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက သင်တန်းသားခေါင်းဆောင်ထံ သင်တန်းဆင်း လက်မှတ်များ ပေးအပ်သည်။ ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် သင်တန်းသားများ ရိုက်ကူးခဲ့သည့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။

ယခုဖွင့်လှစ်ခဲ့သည့် ဓာတ်ပုံရိုက်ကူးတည်းဖြတ်နည်း သင်တန်းကို စက်တင်ဘာ ၆ ရက် မှ ၁၆ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့ပြီး နေပြည်တော်ကောင်စီနယ်မြေ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်း ၂၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၂ ခုနှစ် ဩဂုတ်လအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ / တိုင်းဒေသကြီး / ပြည်နယ်များတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner ဖြင့် Particulate Matter 2.5 ($PM_{2.5}$) ၊ Particulate Matter 10 ($PM_{10}$) ၊ Nitrogen Dioxide ($NO_2$) ၊ Sulphur Dioxide ($SO_2$) ၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

၂၀၂၂ ခုနှစ် ဩဂုတ်လအတွင်း နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့၊ မုံရွာမြို့၊ ထားဝယ်မြို့၊ မြစ်ကြီးနားမြို့၊ လွိုင်ကော်မြို့၊ ဘားအံမြို့၊ မော်လမြိုင်မြို့၊ စစ်တွေမြို့၊ တာချီလိတ်မြို့နှင့် လားရှိုးမြို့တို့တွင် တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များအား **Air Quality Index (AQI)** ဖြင့် တွက်ချက်ထားမှုအရ အောက်ပါအတိုင်း လေ့လာဆန်းစစ်တွေ့ရှိရပါသည်–

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂.၅ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုဒ် | နိုင်ဒိုဂျင်ဒိုင်အောက်ဆိုဒ် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုဒ် |
| ၁ | | **ပြည်ထောင်စုနယ်မြေ နေပြည်တော်** | | | | | | |
| | ၁ | ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံး | လက်ခံနိုင်သော | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် |
| | ၂ | ဒက္ခိဏခရိုင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး | ကောင်းမွန် | | | | | |
| ၂ | | **ရန်ကုန်တိုင်းဒေသကြီး** | | | | | | |
| | ၁ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ညွှန်ကြားရေးမှူးရုံး၊ ဗိုလ်တထောင်မြို့နယ် (၅၅)လမ်း | ကောင်းမွန် | | | | | |
| | ၂ | သာကေတဝန်ထမ်းအိမ်ရာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | ကောင်းမွန် | | | | | |
| ၃ | | **မန္တလေးတိုင်းဒေသကြီး** | | | | | | |
| | ၁ | မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး | ကောင်းမွန် | | | | | |
| | ၂ | မန္တလေးတိုင်းဒေသကြီး၊ မြန်မာ့သစ်လုပ်ငန်း၊ ပြင်ဦးလွင်သစ်ထုတ်လုပ်ရေးဒေသရုံး | လက်ခံနိုင်သော | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် |
| | ၃ | မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မော်တော်ယာဉ် နည်းပညာသုတေသနဌာန | ခံနိုင်ရည်နည်းပါးသူအတွက်ထိခိုက်နိုင် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် |
| | ၄ | မန္တလေးတိုင်းဒေသကြီး၊ အောင်မြေ သာစံခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး | ထိခိုက်စေနိုင် | လက်ခံနိုင်သော | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် |
| | ၅ | မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင် ပုသိမ်ကြီးမြို့နယ် Myanmar Conch ဘိလပ်မြေစက်ရုံ | ထိခိုက်စေနိုင် | လက်ခံနိုင်သော | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် |
| | ၆ | မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြား ရေးမှူးရုံး | ကောင်းမွန် | ကောင်းမွန် | ထိခိုက်စေနိုင် | ခံနိုင်ရည်နည်းပါးသူအတွက်ထိခိုက်နိုင် | ကောင်းမွန် | ကောင်းမွန် |
| | ၇ | မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန | ကောင်းမွန် | ကောင်းမွန် | လက်ခံနိုင်သော | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် |
| | ၈ | မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဦးစီးဌာန | လက်ခံနိုင်သော | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် |
| ၄ | | **စစ်ကိုင်းတိုင်းဒေသကြီး** | | | | | | |
| | ၁ | မုံရွာမြို့ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး | – | ကောင်းမွန် | ခံနိုင်ရည်နည်းပါးသူအတွက်ထိခိုက်နိုင် | လက်ခံနိုင်သော | ကောင်းမွန် | |
| | ၂ | မုံရွာမြို့ မြန်မာ့သစ်လုပ်ငန်း | – | ကောင်းမွန် | ထိခိုက်စေနိုင် | လက်ခံနိုင်သော | ကောင်းမွန် | |
| ၅ | | **တနင်္သာရီတိုင်းဒေသကြီး** | | | | | | |
| | ၁ | တနင်္သာရီတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးရုံး | ကောင်းမွန် | | | | | – |
| | ၂ | တနင်္သာရီတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေး မှူးရုံး | ကောင်းမွန် | | | | | – |
| ၆ | | **ကချင်ပြည်နယ်** | | | | | | |
| | ၁ | ကချင်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီး ဌာန ညွှန်ကြားရေးမှူးရုံး | ကောင်းမွန် | | | | | – |
| | ၂ | ကချင်ပြည်နယ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန မြစ်ကြီးနားခရိုင်ရုံး | ကောင်းမွန် | | | | | – |
| | ၃ | မြစ်ကြီးနားမြို့ အောင်ဇေရန်အောင်ဘုရား ကျောင်းဝင်း | ကောင်းမွန် | | | | | – |
| ၇ | | **ကယားပြည်နယ်** | | | | | | |
| | ၁ | ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး | – | – | ကောင်းမွန် | | | |
| ၈ | | **ကရင်ပြည်နယ်** | | | | | | |
| | ၁ | မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့၊ ဘားအံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | ကောင်းမွန် | လက်ခံနိုင်သော | ကောင်းမွန် | ကောင်းမွန် |
| | ၂ | ဘားအံမြို့နယ်၊ ဖွဲ့ကပင်တောင် | လက်ခံနိုင်သော | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် |
| ၉ | | **မွန်ပြည်နယ်** | | | | | | |
| | ၁ | ဈေးချိုဝိုင်းအနီး မော်လမြိုင်မြို့ | ခံနိုင်ရည်နည်းပါးသူအတွက်ထိခိုက်နိုင် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | – |
| ၁၀ | | **ရခိုင်ပြည်နယ်** | | | | | | |
| | ၁ | ရခိုင်ပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီး ဌာန၊ ညွှန်ကြားရေးမှူး ရုံးဝင်း | ကောင်းမွန် | | | | | – |
| | ၂ | စစ်တွေခရိုင်၊ ပြည်နယ်ဦးစီးမှူးရုံး၊ ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာနရုံးဝင်း၊ စစ်တွေမြို့ | လက်ခံနိုင်သော | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | – |
| | ၃ | ပေလီမြို့၊ပေလီလမ်းဆုံ အနီးဝန်းကျင် | – | – | လက်ခံနိုင်သော | ကောင်းမွန် | ကောင်းမွန် | – |
| | ၄ | ဒွါရာဝတီမြို့မဈေး အနီးဝန်းကျင် | – | – | လက်ခံနိုင်သော | ကောင်းမွန် | ကောင်းမွန် | – |

*(ဆက်လက်ဖော်ပြပါမည်)*

# အမေရိကန်ပြည်ထောင်စု၌ ကလေးငယ်ပေါင်း ၁၄ ဒသမ ၆ သန်းကျော် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိ

**ဝါရှင်တန် စက်တင်ဘာ ၁၆**

အမေရိကန်ပြည်ထောင်စု၌ ကိုဗစ်-၁၉ ကပ်ရောဂါ စတင်ဖြစ်ပွားချိန်ကတည်းက ကလေးငယ်ပေါင်း ၁၄ ဒသမ ၆ သန်းကျော် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိကြောင်း အမေရိကန် ကလေးအထူးကု အကယ်ဒမီ (အေအေပီ)နှင့် ကလေးများဆေးရုံ အဖွဲ့အစည်း၏ နောက်ဆုံးထုတ်ပြန်လိုက်သော အစီရင်ခံစာအရ သိရသည်။

လွန်ခဲ့သော သီတင်းပတ် လေးပတ်အတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသော ကလေးငယ်ပေါင်း ၃၄၀၀၀၀ ကျော်ရှိသည်။ ၂၀၂၂ ခုနှစ်အတွင်း ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ဖြစ်ပွားသော ကလေးငယ်ပေါင်း ၆ ဒသမ ၇ သန်းနီးပါးရှိသည်။

စက်တင်ဘာ ၈ ရက် အဆုံးသတ်သော သီတင်းပတ်အတွက် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသော ကလေးငယ် ၈၃၃၀၀ ခန့်ရှိကြောင်း အေအေပီက အစီရင်ခံစာ၌ ဖော်ပြထားသည်။ သို့သော်လည်း ဖော်ပြထားသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသည့် အရေအတွက်သည် အများဆုံးသော ပမာဏဖြစ်နိုင်ခြေရှိကြောင်း ဆက်လက်ဖော်ပြထားသည်။

ကိုဗစ်-၁၉ မျိုးကွဲအသစ်များနှင့် ဆက်စပ်လျက်ရှိသော ပြင်းထန်သည့်နာမကျန်းမှုများနှင့် ရေရှည်အကျိုးသက်ရောက်မှုများအပေါ် ဖြစ်နိုင်ခြေရှိသည်များကို အကဲဖြတ်နိုင်ရန်အတွက် အသက်အရွယ်အလိုက် အချက်အလက်များ ပိုမိုစုဆောင်းရန် အရေးပေါ်လုပ်ဆောင်ရန် လိုအပ်လျက်ရှိကြောင်း အေအေပီက ပြောသည်။

ကပ်ရောဂါသည် ကလေးငယ်များ၏ ကျန်းမာရေးအပေါ် ချက်ချင်းသက်ရောက်မှု ရှိနိုင်သလားဆိုသည့် ကိစ္စနှင့်ပတ်သက်ပြီး အသိအမှတ်ပြုရန် အရေးကြီးကြောင်း အေအေပီက ဆက်လက်ပြောကြားသည်။

**ဆင်ဟွာ**



အမေရိကန်ပြည်ထောင်စု၌ ကလေးငယ်တစ်ဦးကို ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးစဉ်။

# ပါကစ္စတန်နိုင်ငံ၌ ရေကြီးမှုကြောင့် တစ်ရက်အတွင်း သေဆုံးသူ ၂၂ ဦးရှိပြီး ကိုးဦးဒဏ်ရာရရှိ

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၁၆**

ပါကစ္စတန်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း မုတ်သုံရာသီ မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ဆက်စပ်သည့် ဖြစ်စဉ်များကြောင့် ၂၂ ဦးထက်မနည်း သေဆုံးပြီး ကိုးဦးဒဏ်ရာရရှိကြောင်း အမျိုးသား သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့ (အင်န်ဒီအမ်အေ)က ပြောကြားသည်။

မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးသည့် ဖြစ်စဉ်များကြောင့် သေဆုံးသူများထဲတွင် ကလေး ခြောက်ဦးနှင့် အမျိုးသမီး ၁၀ ဦး ပါဝင်ကြောင်း အင်န်ဒီအမ်အေက ထုတ်ပြန်ထားသည်။

ပါကစ္စတန်နိုင်ငံ၌ မုတ်သုံရာသီ မိုးရွာသွန်းမှုကြောင့် သေဆုံးသူ ၁၅၀၈ ဦးခန့်ရှိပြီး ဒဏ်ရာရရှိသူ ၁၂၇၅၈ ဦးအထိ တိုးလာကြောင်း၊ ထို့ပြင် စုစုပေါင်း အိမ်ခြေ ၁၈၁၇၅၅၀ ပျက်စီးသွားခဲ့ပြီး တိရစ္ဆာန်ကောင်ရေ ၉၂၇၅၄၃ ကောင် သေဆုံးခဲ့ကြောင်း အင်န်ဒီအမ်အေက ပြောကြားသည်။

**ဆင်ဟွာ**



ပါကစ္စတန်နိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်နေသည့် ဒေသများကို တွေ့ရစဉ်။

# အိန္ဒိယနိုင်ငံ၌ နေ့စဉ်ကိုဗစ်-၁၉ ကူးစက်ခံရသူ ၆၂၉၈ ဦးအထိ ကျဆင်း

**နယူးဒေလီ စက်တင်ဘာ ၁၆**

အိန္ဒိယနိုင်ငံ၌ စက်တင်ဘာ ၁၆ ရက်တွင် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၆၂၉၈ ဦးအထိ ကျဆင်းလာကြောင်း ဖက်ဒရယ်ကျန်းမာရေး ဝန်ကြီးဌာနက စက်တင်ဘာ ၁၆ ရက်တွင် ထုတ်ပြန်ထားသည်။

အဆိုပါ ပမာဏမှာ စက်တင်ဘာ ၁၅ ရက်က နေ့စဉ်ကိုဗစ်-၁၉ ကူးစက်ခံရသူ ၆၄၂၂ ရှိရာမှ ကျဆင်းလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ နောက်ထပ် ကိုဗစ်-၁၉ ကူးစက်ခံရသူများနှင့်အတူ လက်ရှိတွင် ရောဂါကူးစက်ခံရသူ ၄၆၇၄၈ ဦးရှိပြီး နိုင်ငံအတွင်း အဆိုပါရောဂါကူးစက်ခံရသူစုစုပေါင်း ၄၄၅၂၂၇၇၇ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၂၃ ဦးရှိရာ ကပ်ရောဂါ စတင်ဖြစ်ပေါ်သည့် အချိန်မှစကာ သေဆုံးသူစုစုပေါင်း ၅၂၈၂၇၃ ဦး ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါပျောက်ကင်းလာသူ ၅၉၁၆ ဦးရှိရာ ရောဂါပျောက်ကင်း၍ ဆေးရုံမှဆင်းခွင့်ရသူ စုစုပေါင်း ၄၃၉၄၇၇၅၆ ဦး ရှိလာပြီဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

**ဆင်ဟွာ**




အိန္ဒိယနိုင်ငံ၌ ခရီးသွားများကို ကိုဗစ်-၁၉ ရှိ၊ မရှိ စမ်းသပ်စစ်ဆေးနေစဉ်။

# တောင်ကိုရီးယားနိုင်ငံ၏ သွင်းကုန်ဈေးနှုန်း နှစ်လအတွင်း ကျဆင်း

**ဆိုးလ် စက်တင်ဘာ ၁၆**

ရေနံစိမ်းဈေးနှုန်း လျော့နည်းခြင်းကြောင့် တောင်ကိုရီးယားနိုင်ငံ၏ သွင်းကုန်ဈေးနှုန်းသည် ဩဂုတ်လမှစကာ နှစ်လအတွင်း ကျဆင်းလာကြောင်း ဖော်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံ၏ သွင်းကုန်ဈေးနှုန်း အညွှန်းကိန်းသည် ယခင်လတွင် ၂ ဒသမ ၆ ရာခိုင်နှုန်းကျော် ရှိပြီးနောက် ဩဂုတ်လတွင် ၀ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း ကိုရီးယားနိုင်ငံဘဏ်ကဘဏ်က ထုတ်ပြန်ထားသည်။

ရေနံစိမ်းအပါအဝင် တင်သွင်းကုန်ကြမ်းများအတွက် ဈေးနှုန်းသည် ဖော်ပြထားသည့်လတွင် ၁ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ၏ စံညွှန်းဖြစ်သည့် ဒူဘိုင်းရေနံစိမ်းဈေးနှုန်းသည် ဩဂုတ်လတွင် တစ်စည်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၉၆ ဒသမ ၆၃ ဒေါ်လာရှိပြီး ယခင်လကထက် ၆ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းလာကြောင်း သိရသည်။ ကျောက်မီးသွေးနှင့် ရေနံထွက်ကုန်များအတွင်း သွင်းကုန် ဈေးနှုန်းသည် ပြီးခဲ့သည့်လက ၅ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ပြီး ဓာတုဗေဒပစ္စည်းများ၏ ဈေးနှုန်းသည် ၀ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# အိန္ဒိယနိုင်ငံမြောက်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းပြီး နံရံပြိုကျသဖြင့် လူ ၁၀ ဦးထက်မနည်းသေဆုံး

**နယူးဒေလီ စက်တင်ဘာ ၁၆**

အိန္ဒိယနိုင်ငံမြောက်ပိုင်း အက်တာပရာဒက်ရှ်ပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းလျက်ရှိစဉ် နံရံပြိုကျခဲ့သဖြင့် လူ ၁၀ ဦးထက်မနည်း သေဆုံးခဲ့ပြီး လူအနည်းငယ်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသရဲအရာရှိတစ်ဦးက စက်တင်ဘာ ၁၆ ရက်က ပြောကြားလိုက်သည်။

အဆိုပါဖြစ်စဉ်သည် လက်ခ်နောင်းမြို့၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး သေဆုံးသူများသည် အခင်းဖြစ်ပွားချိန်တွင် အိပ်ပျော်လျက်ရှိကြောင်း သိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် မြို့၏နေရာအတော်များများတွင် ရေများဖုံးလွှမ်းနစ်မြုပ်ကုန်ကြောင်း ဒေသမီဒီယာများက ဖော်ပြသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နံရံပြိုကျခြင်းဖြစ်ကြောင်း ရဲအရာရှိ ပီယာ့ရှ်မော်ဒီယာ၏ ပြောကြားချက်ကို ကိုးကားပြီး သတင်းမီဒီယာများတွင် ဖော်ပြထားသည်။ သေဆုံးသူများ၏ ခန္ဓာကိုယ်များကို အပျက်အစီးအပုံများအောက်မှ ဆွဲထုတ်ခဲ့ရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဒဏ်ရာရရှိသူများကို ဒေသဆေးရုံသို့ တင်ထားရသည်။ သေဆုံးသူများနှင့် ဒဏ်ရာရရှိသူများ၏ မိသားစုဝင်များကို ပြည်နယ်အစိုးရက လျော်ကြေးပေးသွားမည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ထားသည်။

**ဆင်ဟွာ**

# နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ရေးအရှိန်မြှင့်တင်ဆောင်ရွက်

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကူးစက်ပြန့်ပွားမှုသည် ပြည်တွင်းကူးစက်မှုများ ပိုမိုများပြားလာလျက်ရှိရာ အမြို့မြို့အနယ်နယ်၌ ကြိုတင်ကာကွယ်ရေးအစီအမံများ အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ပြည်သူတစ်ရပ်လုံးအနေဖြင့်လည်း ရောဂါကူးစက်မှု မဖြစ်ပွားရေးအတွက် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်လျက်ရှိပါသည်။ မြို့နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေး ဆောင်ရွက်မှုများကို ဖော်ပြလိုက်ပါသည်။

## မာန်အောင်မြို့ အောက်ဆီဂျင်စက်ရုံလည်ပတ်နေမှုကို တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး

**မာန်အောင် စက်တင်ဘာ ၁၆**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်၌ မြို့နယ်လုံးဆိုင်ရာ အောက်ဆီဂျင်စက်ရုံ ဖြစ်မြောက်ရေးကော်မတီက ဦးဆောင်တည်ဆောက်ထားသော အောက်ဆီဂျင်စက်ရုံ လည်ပတ်နေမှု အခြေအနေများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက စက်တင်ဘာ ၁၄ ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။



မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးမင်းဇော်ဟိန်းက ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ ပြန်လည်ဖြစ်ပွားလာပါက အောက်ဆီဂျင် လိုအပ်ချက်ကို ကြိုတင်ပြင်ဆင်ထားနိုင်ရန်နှင့် စက်ရုံအတွက် လိုအပ်ချက်များကို တင်ပြဆွေးနွေး စေလိုကြောင်း ပြောကြားရာ စက်ရုံကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး ဦးထွန်းမြင့်ဇော်က မာန်အောင်မြို့ အောက်ဆီဂျင်စက်သည် CAN GAS CAP-O-10PSA OXYGEN GENERTOR အမျိုးအစားဖြစ်ပြီး မိမိကိုယ်ပိုင်မီးစက်ဖြင့် လည်ပတ်နေခြင်းဖြစ်ကြောင်း၊ တစ်ရက်လျှင် ၄၀ လီတာအိုး အလုံး ၄၀ အထိ ဖြည့်သွင်းနိုင်ကြောင်း၊ လက်ရှိအချိန်တွင် လိုအပ်ချက်အရ ၄၀ လီတာအိုး အလုံး ၂၀ ဖြည့်သွင်းပေးနေရကြောင်း၊ စက်လည်ပတ်ရန်အတွက် ဒီဇယ်တစ်စည်လျှင် ၄၀ လီတာအိုး အလုံး ၆၀ ခန့် ထွက်ရှိကြောင်း၊ လက်ရှိ ဆီဈေးနှုန်းဖြင့်တွက်လျှင် ၄၀ လီတာအိုးတစ်လုံးလျှင် ကျပ် ၁၂၀၀၀ ဝန်းကျင် ကုန်ကျကြောင်း၊ ဆီဖိုးအပြင် စက်ပြင်ဆင်ထိန်းသိမ်းစရိတ်၊ ဝန်ထမ်းလစာများပါ ထည့်တွက်လျှင် ၄၀ လီတာအိုး တစ်လုံးလျှင် ကျပ် ၁၅၀၀၀ ခန့် ကုန်ကျမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ က အောက်ဆီဂျင်လိုအပ်ချက်ကို ကြိုတင်ပြင်ဆင်ထားနိုင်ရန် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**သိန်းဖေ(ပြန်/ဆက်)**

## မူဆယ်ခရိုင်/မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ ကိုဗစ်-၁၉ ကာကွယ်ဆေး စတုတ္ထအကြိမ်ထိုးနှံ

**မူဆယ် စက်တင်ဘာ ၁၆**

မူဆယ်ခရိုင်နှင့် မြို့နယ်အတွင်းမှ ဌာနဆိုင်ရာဝန်ထမ်းများအား စတုတ္ထအကြိမ် ကိုဗစ်-၁၉ ထပ်ဆောင်းကာကွယ်ဆေးကို မူဆယ်မြို့ရှိ စုပေါင်းရုံးခန်းမ၌ စက်တင်ဘာ ၁၄ ရက်မှစ၍ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ကျန်းမာရေးဌာနမှ ဝန်ထမ်းဆရာမများက ကာကွယ်ဆေးများ ထိုးနှံပေးခြင်းဖြစ်ပြီး စက်တင်ဘာ ၁၄ ရက်တွင် မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုးနှင့် ခရိုင်/မြို့နယ် ထွေအုပ်ဝန်ထမ်း ၉၈ ဦး၊ အခြားဌာနဆိုင်ရာများမှ ရုံးဝန်ထမ်းများနှင့် မိသားစုဝင် ၁၅၀ စုစုပေါင်း ၂၄၈ ဦးတို့အား ထိုးနှံပေးနိုင်ခဲ့ကြောင်း သိရသည်။

**ချယ်ရီမြေ(မူဆယ်)**



## ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် မြို့နယ်များ၌ နှာခေါင်းစည်းကမ်ပိန်း ပြုလုပ်



**ဥတ္တရသီရိ**

နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှု မရှိစေရန်နှင့် ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် မြို့နယ်ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ၏လမ်းညွှန်မှုဖြင့် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ တောင်ညို ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသားကျောင်းသူများအား နှာခေါင်းစည်းတပ်ဆင်ရန် အသိပညာပေးပြီး နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းကို စက်တင်ဘာ ၁၅ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း (ပြန်/ဆက်)**

**မိုင်းရယ်**

မိုင်းရယ်မြို့၌ ပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရေးအတွက် လူတိုင်းနှာခေါင်းစည်းများ တပ်ဆင်နိုင်ရန် အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းကို စက်တင်ဘာ ၁၅ ရက်က မိုင်းရယ်မြို့နယ် မြို့မဈေးကြီးရှေ့၌ ပြုလုပ်သည်။

မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းအောင်က ဦးစီး၍ ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ ပူးပေါင်းအဖွဲ့က မြို့မဈေးကြီးသို့ လာရောက်သည့်ပြည်သူများ၊ မြို့ပေါ်ကျေးရွာများမှ ဈေးသည်များအား နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်ကြရေးအတွက် အသိပညာပေးကာ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။

**မြို့နယ် (ပြန်/ဆက်)**

**ချောင်းဆုံ**

ချောင်းဆုံမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရန် မြို့နယ်ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များပူးပေါင်းကာ ချောင်းဆုံမြို့နယ်အတွင်းရှိ နီးမုတ်၊ ကမာကေး၊ ကမာမို၊ ကွမ်လှာ၊ တောင်စွန်းဝယ်ကူး၊ တော်ပွန်၊ ကွင်းပေါက်၊ ကော့ကဒဲ့၊ ချောင်းဆုံအရှေ့၊ ကွမ်သဲကျေးရွာများမှ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းဆုံလမ်းခွနှင့် လူစည်ကားရာနေရာများ၌ နှာခေါင်းစည်း တပ်ဆင်ရန် အသိပညာပေးခြင်းကို စက်တင်ဘာ ၁၅ ရက်က ဆောင်ရွက်ကြသည်။

မြို့နယ်ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များက လူသွားလာများသည့် လမ်းဆုံလမ်းခွ၊ ဈေးများ၊ လူစည်ကားရာနေရာများ၊ စာသင်ကျောင်းများ၊ သွားလာလှုပ်ရှားနေကြသည့် ခရီးသွားပြည်သူများနှင့် ဈေးရောင်းဈေးဝယ်ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ နေထိုင်ရေး၊ နေအိမ်ပြင်ပထွက်ခွာပါက နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရေး၊ ကာကွယ်ဆေးထိုးနှံမှုများကို အကြိမ်ပြည့်ထိုးနှံရေးနှင့် ထပ်ဆောင်းကာကွယ်ဆေးများကိုလည်း ဆက်လက်ထိုးနှံသွားရေး အသိပညာပေးပြောကြားပြီး နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**





**ဇေယျာသီရိ**

နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်စေရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကြီးကြပ်၍ ဌာနဆိုင်ရာတာဝန်ရှိသူများက မြို့နယ်အတွင်းရှိ လူစည်ကားရာနေရာများ၊ ဈေးများနှင့် ရန်ကုန်-မန္တလေးလမ်းဟောင်းပေါ်၌ နှာခေါင်းစည်းတပ်ဆင်ရန် အသိပညာပေးလှုပ်ရှားမှုကို စက်တင်ဘာ ၁၅ ရက်က ပြုလုပ်သည်။

ဇေယျာသီရိမြို့နယ်ရှိ လူစည်ကားရာနေရာများနှင့် ဈေးများအတွင်း နှာခေါင်းစည်းကမ်ပိန်းများကို စက်တင်ဘာ ၈ ရက်မှစ၍ ဆောင်ရွက်နေပြီး မြို့နယ်အတွင်း ကျန်ရှိသည့်ဈေးများ၊ လူစည်ကားရာနေရာများနှင့် အများ ပြည်သူနှင့်ဆိုင်သောနေရာများတွင်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**တမူး**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် နှာခေါင်းစည်းများနှင့် ရောဂါကာကွယ်ရေး အသိပညာပေး လက်ကမ်း စာစောင်များဖြန့်ဝေခြင်းကို စက်တင်ဘာ ၁၅ ရက်က တမူးမြို့ မြို့မစည်ပင်သာယာဈေးနှင့် တမူး- ဟဲဇင်းကျေးရွာလမ်းဆုံတို့၌ ဆောင်ရွက်ခဲ့သည်။

တမူးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်အံ့မောင်နှင့် ဌာနဆိုင်ရာများ ပူးပေါင်းပြီး နေအိမ်ပြင်ပသို့ သွားလာကြသည့်ပြည်သူများ၊ ဈေးရောင်း ဈေးဝယ်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး နည်းလမ်းများကို စနစ်တကျလိုက်နာစေရေးတို့ကို အသိပညာပေးခဲ့ပြီး နှာခေါင်းစည်း အခုရေ ၁၁၀၀ နှင့် ကိုဗစ်ရောဂါကာကွယ်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။

**ခရိုင် (ပြန်/ဆက်)**

# ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၀၅ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၂ ဒသမ ၅၈ ရာခိုင်နှုန်းရှိ

**(၁၆–၉–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၅–၉–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၆–၉–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၈၂၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၃၀၅) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၂.၅၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၉၀၂,၅၃၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၈,၃၀၃) ဦးရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၆၃) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၄,၉၈၄) ဦးရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၄၄) ဦးရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈–၁–၂၀၂၂) ရက်နေ့မှ (၇–၉–၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများ၏ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားသူများ၏ (၈၀) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးလုံးဝထိုးနှံထားခြင်းမရှိဘဲ (၁၅.၉) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး (၁) ကြိမ်ထိုးနှံထားပြီး (၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားရှိ၍ (၀.၁) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ကိုဗစ်–၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုနှင့် ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ**

| ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများ၏ | | | |
|---|---|---|---|
| ၈၀ ရာခိုင်နှုန်းသည် | ၁၅.၉ ရာခိုင်နှုန်းသည် | ၄ ရာခိုင်နှုန်းသည် | ၀.၁ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝ ထိုးနှံထားခြင်း မရှိသူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး (၁) ကြိမ် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြပါသည်။ |

မြန်မာနိုင်ငံတွင် (၂၈–၁–၂၀၂၂) ရက်နေ့မှ (၇–၉–၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူများ၏ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားသူများ၏ (၈၄.၁) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးလုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများဖြစ်ကြပြီး (၁၄.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားရှိသူများဖြစ်ကာ (၁.၅) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူများနှင့် ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ**

| ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူများ၏ | | |
|---|---|---|
| ၈၄.၁ ရာခိုင်နှုန်းသည် | ၁၄.၄ ရာခိုင်နှုန်းသည် | ၁.၅ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံး၀ ထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်း မရှိသူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြပါသည်။ |

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ကိုဗစ်–၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုတို့ကို လေ့လာသုံးသပ်ချက်အရ ကာကွယ်ဆေးထိုးနှံထားသူများတွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံခြင်းဖြင့်လည်း ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုကို လျှော့ချနိုင်ကြောင်းကို တွေ့ရှိရသည်ဖြစ်ရာ မိဘပြည်သူများအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းနှင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို မပျက်မကွက်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် စက်တင်ဘာ ၁၆**

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်း ဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၉၃၇၆ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ငါးမြို့နယ်တို့၌ ဒေသခံပြည်သူ ၃၁၁၇ ဦး၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ဒေသခံပြည်သူ ၉၀၅၃ ဦးနှင့် ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်သုံးမြို့နယ်တို့၌ ဒေသခံပြည်သူ ၂၆၉ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်း ဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၃၁၄၈ ဦး၊ ရခိုင်ပြည်နယ် အတွင်းရှိ မြို့နယ်ငါးမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၃၄၇၆ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ကျောင်းသား ကျောင်းသူ ၁၇၀၁ ဦး တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Mask များကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်လေးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ခရိုင်များအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့၊ ဖျာပုံမြို့နှင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်ငါးမြို့နယ်တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ Mask များအား ဒေသခံပြည်သူများလက်ဝယ်အရောက် အခမဲ့ပေးဝေ လှူဒါန်းကြပြီး ဈေးဝယ်စင်တာများ၊ ဆိပ်ကမ်းများနှင့် လူသွားလူလာများပြားသည့်နေရာများတွင် LED ကြော်ငြာဘုတ်များဖြင့် ကိုဗစ်–၁၉ ရောဂါနှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ Mask တပ်ဆင်၍ သွားလာကြရန် လှုံ့ဆော်ခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များအား ၎င်း၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁၆**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင် အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်ကြိုဆို



လက်ခံ၍ ၎င်း၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင်လည်း ရှမ်းပြည်နယ်တောင်ပိုင်း ရွာငံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမနှင့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ နယ်မြေခံသင်တန်းကျောင်းခန်းမ တို့၌ ပြန်လည်ကြိုဆိုလက်ခံခြင်း အခမ်းအနားများကို ပြုလုပ်ကြရာ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာ ပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ရှမ်းပြည်နယ်တောင်ပိုင်း ရွာငံမြို့နယ်အတွင်းမှ PDF အဖွဲ့ဝင် အမျိုးသားလေးဦးနှင့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံ မြို့နယ် ချမ်းမြသာစည်မြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသားခြောက်ဦးတို့ကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ် စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆို လက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီး ဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိ ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

**❖ ကျောဖုံးမှ**

သတင်းပေးပို့ချက်အရ သိရှိရသဖြင့် ယနေ့တွင် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များကို အဆိုပါ နေရာသို့ ရဟတ်ယာဉ်များဖြင့် ပို့ဆောင်၍ အလစ်အငိုက် ဝင်ရောက် စစ်ဆေးခဲ့သည်။

ထိုသို့ ဝင်ရောက်စစ်ဆေးစဉ် KIA လက်နက်ကိုင်အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက် သမားများက ကျေးရွာသူ ကျေးရွာသားများကို လူသား တံတိုင်းသဖွယ် အသုံးပြုအကာ အကွယ်ယူ၍ နေအိမ်များနှင့် ဘုန်းတော်ကြီးကျောင်း အတွင်း တို့မှ ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အပြန်အလှန် ထိတွေ့မှုဖြစ်ပွားခဲ့ ပြီး အကြမ်းဖက်သမားများ သည် အနောက်ဘက်နှင့် အနောက်မြောက်ဘက်သို့ ဆုတ်ခွာ ထွက်ပြေးသွားခဲ့သည်။ ဆုတ်ခွာရာနောက်သို့ လုံခြုံရေး တပ်ဖွဲ့ဝင်များက ထပ်ကြပ်လိုက်လံ ချေမှုန်းလျက်ရှိပြီး ဖြစ်စဉ် ဖြစ်ပွားရာနေရာ တစ်ဝိုက်အတွင်း လုံခြုံရေး တပ်ဖွဲ့ဝင်များက အသေးစိတ်စစ်ဆေးခဲ့ရာ KIA လက်နက်ကိုင်အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ဆေးခန်းအတွင်း သိုဝှက်ထားသည့် လက်လုပ်မိုင်း ၁၆ လုံး၊ ရှော့တိုက်ပြောင်း ခုနစ်ခု၊ လက်လုပ် DROP BOMB ရှစ် လုံးနှင့် စကားပြောစက်တစ်လုံး တို့ကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် KIA လက်နက် ကိုင်အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက် သမားများက ကျေးရွာသူ ကျေးရွာသားများနှင့် နေအိမ်များကို လူသားတံတိုင်း သဖွယ် အသုံးပြုအကာအကွယ်ယူ ပစ်ခတ်ခဲ့ခြင်းကြောင့် ဒေသခံ အချို့ သေဆုံး၊ ဒဏ်ရာရရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက် ပေးလျက်ရှိပြီး အရေးကြီးလူနာများကို နီးစပ်ရာ ပြည်သူ့ဆေးရုံသို့ ပို့ဆောင် ဆေးကုသနိုင်ရေး စီစဉ်ဆောင်ရွက် ပေးလျက်ရှိသည်။



ဒီပဲယင်းမြို့နယ် လက်ယက်ကုန်းကျေးရွာအတွင်း ခိုအောင်းနေထိုင်၍ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် ထိတွေ့မှုဖြစ်စဉ်နေရာပြပုံ။




တန့်ဆည်မြို့နယ် အုတ်ဖိုအိုင်ကျေးရွာအနီး လုံခြုံရေးတပ်ဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက် သမားများ ထိတွေ့မှုဖြစ်စဉ်နေရာပြပုံ။

အကြမ်းဖက်သမားများ အနေဖြင့် ကျေးရွာသူ ကျေးရွာသား များ၊ ဘာသာရေးဆိုင်ရာ အဆောက်အဦများ၊ ကျေးရွာနေ ပြည်သူလူထု၏ နေအိမ်များအား ယခုကဲ့သို့ အကာအကွယ်ရယူ တိုက်ခိုက်ခြင်းသည် ဂျီနီဗာ ကွန်ဗင်းရှင်းများနှင့် အပြည်ပြည် ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု ကျူးလွန်ရာရောက်ပြီး ထိုကဲ့သို့ ကျူးလွန်သူများကို အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေ၊ ရာဇသတ်ကြီးနှင့် သက်ဆိုင်ရာ တည်ဆဲဥပဒေများဖြင့် ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်း ဒေသကြီး တန့်ဆည်မြို့နယ် အုတ်ဖိုအိုင်ကျေးရွာအနီး ပတ်ဝန်း ကျင် အနီးတစ်ဝိုက်တွင်လည်း PDF အမည်ခံ အကြမ်းဖက် သမားများ ခိုအောင်းနေထိုင် လျက်ရှိပြီး အဖျက်အမှောင့် လုပ်ငန်းများ လုပ်ဆောင်ကာ ဒေသခံများကို ခြိမ်းခြောက် အကြမ်းဖက်ခြင်း၊ ဆက်ကြေး ကောက်ခံခြင်းများ ပြုလုပ်လျက် ရှိကြောင်း အေးချမ်းစွာနေထိုင် လိုသည့် တာဝန်သိဒေသခံများ၏ သတင်းပေးပို့ချက်အရ လုံခြုံရေး တပ်ဖွဲ့ဝင်များက ယနေ့ မွန်းလွဲပိုင်း တွင် သွားရောက်ကင်းလှည့် စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ သည်။

ထိုသို့ စစ်ဆေးဆောင်ရွက်စဉ် PDF အမည်ခံအကြမ်းဖက်သမား ၃၀ ခန့်နှင့် အပြန်အလှန်ထိတွေ့ မှုဖြစ်ပွားခဲ့ပြီး အကြမ်းဖက် သမားများအနေဖြင့် အနောက် ဘက်သို့ အကျအဆုံးများစွာဖြင့် ဆုတ်ခွာ ထွက်ပြေးသွားသည်။ ဆုတ်ခွာရာနောက်သို့ လုံခြုံရေး တပ်ဖွဲ့ဝင်များက ထပ်ကြပ်လိုက်လံ ချေမှုန်းလျက်ရှိပြီး ဖြစ်စဉ်တွင် PDF အမည်ခံ အကြမ်းဖက်သမား ခုနစ်ဦးကို အသေဖမ်းဆီးရမိခဲ့ကာ လက်နက်၊ ခဲယမ်းများ သိမ်းဆည်း ရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# သာပေါင်းမြို့နယ် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကျေးရွာအရောက် ဆောင်ရွက်ပေးလျက်ရှိ

**သာပေါင်း စက်တင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ရွှေတောင်ကျွန်းကျေးရွာ အုပ်စု ရွှေတောင်ကျွန်းကျေးရွာနှင့် အိမ်ဆိုးချောင်းကျေးရွာအုပ်စု သိုင်းချောင်းကျေးရွာတို့တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ် အဆင့် ဌာနဆိုင်ရာများပါဝင်သော စစ်ကြောင်းငါးကြောင်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတတ်ရေးလုပ်ငန်း ကျေးရွာအရောက် ဆောင်ရွက်ပေးလျက်ရှိကြသည်။

ထိုသို့ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကျေးရွာအရောက် ဆောင်ရွက်ကြရာတွင် အဖွဲ့အမှတ် (၁) မှ စက်တင်ဘာ ၁၆ ရက် နံနက် ၉ နာရီက ရွှေတောင်ကျွန်းကျေးရွာအုပ်စု ရွှေတောင်ကျွန်းကျေးရွာ ဓမ္မသုခကျောင်းတိုက်ဓမ္မာရုံတွင် အဖွဲ့အမှတ် (၁) မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဝင် (၁) ဗိုလ်မှူး အောင်ကျော်သိန်း၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိန်ဆန်းနှင့် ဌာနဆိုင်ရာများက တတ်ရောက် လာကြသော ဒေသခံပြည်သူ ၁၅၀ တို့နှင့်လည်းကောင်း၊ အဖွဲ့အမှတ် (၂) မှ အိမ်ဆိုးချောင်းကျေးရွာအုပ်စု သိုင်းချောင်းကျေးရွာ အခြေခံ ပညာအလယ်တန်းကျောင်း (ခွဲ) တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး လှဝင်း၊ မြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့ဝင် (၂) ဦးကျော်တိုးနှင့် ဌာနဆိုင်ရာများက ကျေးလက်နေပြည်သူ ၁၂၀ တို့နှင့်လည်းကောင်းတွေ့ဆုံ၍ တရားဥပဒေစိုးမိုးရေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းတက်ရောက်ရေး၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားနှင့် အိမ်ထောင်စုစာရင်း(၆၆/၆)ပြုလုပ်နိုင်ရေး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံနိုင်ရေး၊ ရောဂါဖြစ်ပွားမှုလျော့ နည်းစေရေးအတွက် ကြိုတင်ကာကွယ်နိုင်ရေး၊ လုံခြုံရေးကိစ္စရပ်များ ဆောင်ရွက်နိုင်ရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး ကိစ္စရပ်များ ရှင်းလင်းဆွေးနွေးကြပြီး ဒေသခံပြည်သူများမှ သိရှိလိုသည်များ မေးမြန်းကြရာ သက်ဆိုင်ရာဌာနများမှ သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်း ဖြေကြားဆွေးနွေးသည်။

ထို့နောက် ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါ ကာကွယ် ဆေးများထိုးနှံပေးခြင်း၊ ကျေးလက်နေပြည်သူများအား ကျန်းမာရေး ပြုစုစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။ **မျိုးဇော်သိန်း (ပြန်/ဆက်)**

# ကချင်ပြည်နယ်အတွင်းရှိ သက်ကြီးဘိုးဘွားများအား တရုတ်ပြည်သူ့ သမ္မတနိုင်ငံသံရုံးနှင့် SPIC/ ACHC ကုမ္ပဏီမှ စားနပ်ရိက္ခာများထောက်ပံ့




**မြစ်ကြီးနား စက်တင်ဘာ ၁၆**

ကချင်ပြည်နယ်အတွင်းရှိ အသက် ၆၀ နှင့်အထက် သက်ကြီးဘိုးဘွားများအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့် SPIC / ACHC ကုမ္ပဏီတို့မှ မြန်မာငွေကျပ် ၂၅၉ သိန်းကျော်တန်ဖိုးရှိ ကုလားပဲ၊ ဆီ၊ ကြာဆံ စသည့် စားနပ်ရိက္ခာများ ထောက်ပံ့လှူဒါန်းပွဲကို စက်တင်ဘာ ၁၆ ရက် မွန်းလွဲပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမဦကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က လက်ခံရယူသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ယာယီသံအမတ် Ms.Cao Jing (မစ္စချောင်ကျင်း) က မြန်မာ-တရုတ်နှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေး ရေရှည်တည်တံ့စေရေးအတွက် နှစ်ကာလရှည်ကြာစွာပေါင်းစည်းပေးခဲ့ကြသော ကချင်ပြည်နယ်မှ ဘိုးဘွားများအား လှူဒါန်းရခြင်းဖြစ်ကြောင်း နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး ကိုယ်စားလှယ်မှ မြန်မာငွေကျပ် (၁၅၉၂၀၀၀၀) တန်ဖိုးရှိ ကုလားပဲ၊ ကြာဆံ၊ ဆီဘူးများပေးအပ်လှူဒါန်းမှုကို လည်းကောင်း၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးဝင်းရဲထွန်းက SPIC / ACHC ကုမ္ပဏီမှ ပြည်ပဆက်ဆံရေး ပြည်နယ်တာဝန်ခံက ငွေကျပ် ၁၀၀၀၀၀၀၀ တန်ဖိုးရှိ ကုလားပဲ၊ ကြာဆံ၊ ဆီဘူးများ ပေးအပ်လှူဒါန်းမှုကိုလည်းကောင်း လက်ခံရယူခဲ့ကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၆**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ကျွန်းတော (တောင်) ရပ်ကွက်နေ ထွန်းထွန်းမောင်သည် ၎င်းအသုံးပြုသည့် "Zinmin Xtet" Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင် သစ်မျိုးစုံ၊ တိရစ္ဆာန်အစာ၊ လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ လုပ်ငန်းသုံးစက်ကိရိယာပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၆**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ တာဝန်ကျစစ်ဆေးရေးအဖွဲ့က မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၂၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Bus အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းအရ လည်းကောင်း၊ စက်တင်ဘာ ၁၅ ရက်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က သာယာဝတီခရိုင် သုံးဆယ်မြို့နယ် ရန်ကုန်-ပြည်ကားလမ်းတွင် Alphard အမျိုးအစား လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ စက်တင်ဘာ ၁၆ ရက်တွင် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တောင်ငူခရိုင် ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်များအတွင်း တရားမဝင်သစ်မျိုးစုံ တန် ၁၇ ဒသမ ၆၆၆၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၂၉၂၉၈) ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၈၄၉၂၉၈) ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ စက်တင်ဘာ ၁၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသော မျက်စိစမ်းသပ်ရာတွင် အသုံးပြုသည့် စက်ပစ္စည်းကိရိယာများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၇၀၉၀၀၀) ကို လည်းကောင်း၊ ထီးတန်းဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျ အကောက်ခွန်အဖွဲ့က သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားသည်နှင့် ကိုက်ညီမှုမရှိသည့် ဆောက်လုပ်ရေးသုံးပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၄၃၂၀၀၀) ကို လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်ကုန်လှောင်ရုံ၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော ဆေးဝါးများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၅၀၈၈၀၀) နှင့် Compressor အပိုပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၂၉၁၁၄) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၁၅၇၈၉၁၄) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စက်တင်ဘာ ၁၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကလေးမြို့နယ်အတွင်း Honda MSX -125 MC အမျိုးအစား လိုင်စင်မဲ့ ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ကချင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖားကန့်မြို့ မြို့မရပ်ကွက် ဥရုရတနာကျောက်စိမ်းတောင်တံတားအနီး၌ တရားမဝင်ပစ္စည်းများ တင်ဆောင်လာသည့် Nissan အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀) ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသည့် ကြွေပြားချပ်များ၊ သန့်စင်ခန်းသုံးပစ္စည်းများ၊ လျှပ်စစ်ထမင်းပေါင်းအိုးများ၊ စားသောက်ကုန်ပစ္စည်းများ၊ တိရစ္ဆာန်အစာနှင့် အခြားလူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၇၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် နေပြည်တော်ကောင်စီနယ်မြေ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် လယ်ဝေးမြို့နယ် သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၁၉၈/၃)တွင် တရားမဝင် ကျွန်းခွဲသား ၀ ဒသမ ၇၃၂၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၃၃၈၄) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သရက်ခရိုင် အောင်လံမြို့နယ်အတွင်း တရားမဝင် နဘဲခွဲသား ၀ ဒသမ ၉၂၆၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၈၆၂) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာ ၁၃ ရက်၊ ၁၄ ရက်၊ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၂၃) မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၅၂၉၆၄၅၈) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၉-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၈၀ | ၂၂၂၅ | ၂၂၂၀ | ၂၁၈၅ | ၂၂၂၅ | ၂၂၄၅ | ၂၂၃၀ | ၂၂၁၀ | ၂၃၀၅ | ၂၃၂၀ | ၂၂၁၅ | ၂၂၂၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၅ | ၂၄၈၀ | ၃၁၆၀ |
| 95 Ron | ၂၂၇၀ | ၂၃၁၅ | ၂၃၁၀ | ၂၂၇၅ | ၂၃၁၀ | ၂၃၃၅ | ၂၃၂၀ | ၂၃၀၀ | ၂၃၉၅ | ၂၄၁၀ | ၂၃၀၅ | ၂၃၂၀ | ၂၃၅၀ | ၂၃၅၀ | ၂၃၅၀ | ၂၅၇၀ | ၃၂၂၀ |
| HSD (500 ppm) | ၂၅၈၀ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၀ | ၂၆၂၅ | ၂၆၅၀ | ၂၆၄၅ | ၂၆၁၅ | ၂၇၃၀ | ၂၇၂၅ | ၂၆၂၀ | ၂၆၃၀ | ၂၆၆၅ | ၂၆၆၅ | ၂၆၆၅ | ၂၈၈၅ | ၃၈၈၀ |
| HSD (50 ppm) | ၂၆၆၅ | ၂၇၁၅ | ၂၇၁၀ | ၂၆၇၅ | ၂၇၁၀ | ၂၇၃၅ | ၂၇၃၀ | ၂၇၀၀ | ၂၈၁၅ | ၂၈၁၀ | ၂၇၀၅ | ၂၇၁၅ | ၂၇၅၀ | ၂၇၅၀ | ၂၇၅၀ | ၂၉၇၀ | ၃၉၁၅ |
| HSD (10 ppm) | ၂၆၆၅ | ၂၇၁၅ | ၂၇၁၀ | ၂၆၇၅ | ၂၇၁၀ | ၂၇၃၅ | ၂၇၃၀ | ၂၇၀၀ | ၂၈၁၅ | ၂၈၁၀ | ၂၇၀၅ | ၂၇၁၅ | ၂၇၅၀ | ၂၇၅၀ | ၂၇၅၀ | ၂၉၇၀ | ၃၉၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၇၅ | ၂၁၅၀ |
| 95 Ron | ၂၁၆၁ | ၂၂၃၈ |
| HSD (500 ppm) | ၂၄၆၉ | ၂၅၄၈ |
| HSD (50 ppm) | ၂၅၅၀ | ၂၆၃၀ |
| HSD (10 ppm) | ၂၅၅၀ | ၂၆၃၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအထိ ဓာတ်ခွဲစစ်ဆေးခဲ့သော အစားအသောက်နမူနာများအနက်မှ စားသုံးရန်မသင့်ဟု စစ်ဆေးတွေ့ရှိသည့် အစားအသောက်နမူနာစာရင်း

*(ယမန်နေ့မှအဆက်)*

| စဉ် | အစားအသောက်အမျိုးအစား | အမှတ်တံဆိပ်နှင့်ထုပ်ပိုးပုံအရွယ်အစား | စစ်ဆေးတွေ့ရှိမှု | ပစ္စည်းနမူနာပုံစံ | ကောက်ယူခဲ့သည့်နေရာ |
|---|---|---|---|---|---|
| ၂၂ | ရေဘဝဲချောင်း | City Food Squid (Plastic Pack) | Sodium Benzoate နှင့် Potassium Sorbate သတ်မှတ်ပမာဏထက်ပိုမိုသုံးစွဲထားပါသည်။ |  | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၂၄ | ပုစွန်လုံး | Thailand စာသားပါ (Plastic Pack) | Potassium Sorbate သတ်မှတ်ပမာဏထက်ပိုမိုသုံးစွဲထားပါသည်။ |  | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၂၅ | ပုစွန်လုံး | Shenglong (2.5kg/ Multilayer With Plastic Pack) | အဏုဇီဝ သတ်မှတ်ချက်ဖြင့် ကိုက်ညီမှုမရှိပါ |  | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၂၆ | ပုစွန်လုံး | တရုတ်စာသားပါ (Multilayer With Plastic Pack) | အဏုဇီဝ သတ်မှတ်ချက်ဖြင့် ကိုက်ညီမှုမရှိပါ |  | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၂၇ | တိုဟူး | Thailand စာသားပါ (Plastic Pack) | အဏုဇီဝ သတ်မှတ်ချက်ဖြင့် ကိုက်ညီမှုမရှိပါ |  | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၂၈ | အသားချောင်း | TRK (Multilayer With Plastic Pack) | အဏုဇီဝ သတ်မှတ်ချက်ဖြင့်ကိုက်ညီမှုမရှိပါ |  | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၂၉ | ငါးပေတံ | Thailand စာသားပါ (Plastic Pack) | အဏုဇီဝ သတ်မှတ်ချက်ဖြင့်ကိုက်ညီမှုမရှိပါ |  | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |

## ရဲတပ်ဖွဲ့နေ့အကြို ပြည်သူ့အကျိုးပြု သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၁၆

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒလမြို့နယ် ရဲတပ်ဖွဲ့ဝင်များက ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ယာယီမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးဝင်း ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ အမှတ် (၅၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူးမောင်မျိုး ဦးဆောင်သော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ဒလမြို့နယ် အုံ့ကြီးအနောက်ရပ်ကွက်ရှိ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ စက်တင်ဘာလ ဒုတိယပတ်အတွင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

မောင်ယဉ်ဦး

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၇-၉-၂၀၂၂ စနေနေ့

**MRTV HD**

**၀၆း၀၀** ပေဋ္ဌာသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇း၀၀** နံနက်ခင်းသတင်း
**၀၈း၃၅** ရှုရှားခရီးစဉ်မှတ်တမ်း(ဒုတိယပိုင်း)
**၀၉း၁၀** နဝဂ်ဥပေါ်သထသီလခံယူဆောက်တည်ခြင်း
**၁၀း၀၀** သတင်းထဲကသတင်း
**၁၀း၃၀** လူငယ်ရေးရာအစီအစဉ်
**၁၁း၅၀** တိုင်းရင်းသားရိုးရာအစားအစာချက်ပြုတ်နည်းများ
**၁၂း၃၀** မြန်မာဇာတ်လမ်းတွဲ '**အချစ်ရဲ့အိပ်မက်တန်ဖိုး**' (အပိုင်း-၁၈)
**၁၃း၃၀** MRTV National News
**၁၄း၂၀** Weekly MNL Review
**၁၉း၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ '**ပြည့်စုံခြင်းအိပ်မက်**' (အပိုင်း-၃၃)
**၁၆း၃၅** ပုံပြင်ကမ္ဘာအစီအစဉ်
**၁၆း၄၅** ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
**၁၇း၁၅** ရှုလေမြင်လေကမ္ဘာမြေ
**၁၇း၄၀** ရှုရှားခရီးစဉ်မှတ်တမ်း(တတိယပိုင်း)
**၁၈း၀၀** ပြည်တွင်းသတင်း
**၁၈း၃၅** သုတဝေဖြာသီရိဂေဟာ
**၁၉း၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ '**အတိတ်ဒါးဒါး အချစ်ချိုချို**' (အပိုင်း-၈)
**၁၉း၄၅** အနာဂတ်ဒ္ဒိုမိုအရေးပါလာမည့်စားနပ်ရိက္ခာလုံခြုံရေး
**၂၀း၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁း၀၀** (၃၈)ဗြာဗဝ်လာ '**အရိယသစ္စာနဒဿနံ**' (အရိယသစ္စာတရားလေးပါးကိုသိမြင်ခြင်း)
**၂၂း၃၀** ဟိုးတုန်းကရေဒီယိုအသံလွှင့်ဇာတ်လမ်း 'သော်သော်'

**mitv**

**07:01** Evergreen Classic: Thatta Htar Na (Sein Lei Lei)
**07:09** Weekly Review
**07:26** A Special Moment with A Man of Versatility (Epi-1) Spiritual & Yoga Life
**08:01** News
**08:27** Myanmar Family Life: Myanmar's Sacred Shwedagon Pagoda
**08:43** Mon Traditional Dishes
**08:56** Quiz Time
**10:01** News
**10:26** Global Partnership for Brighter Future: New Zealand Pavilion at Expo 2020 Dubai
**10:35** Bagan Lacquerware

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆း၀၀ မှ ၀၇း၀၀)**
သံတောင်ကြီးမြို့သို့အလည်တစ်ခေါက်
**ချင်း (လိုင်ဇိုး) (၀၇း၀၀ မှ ၀၈း၀၀)**
သဘာဝမြေဩဇာပြုလုပ်နည်း
**ချင်း (ချိုး) (၀၈း၀၀ မှ ၀၉း၀၀)**
နွားနောက်သားဆန်ပြုတ်
**မွန် (၀၉း၀၀ မှ ၁၁း၀၀)**
သရေကွင်းပြုလုပ်ပုံအဆင့်ဆင့်
**ရခိုင် (၁၁း၀၀ မှ ၁၃း၀၀)**
ပို့ကိုင်ကမ်းခြေသို့အလည်သွားကြမယ်
**ရှမ်း (၁၃း၀၀ မှ ၁၅း၀၀)**
ထိန်းသိမ်းအစဉ်အလာတို့ဝလေ့ရိုးရာ
**ဝ (၁၅း၀၀ မှ ၁၇း၀၀)**
အိပ်မက်လမ်းသို့ခရီးရှည်(ချီထုပန်ကျေးရွာမှ ဖံယော့ကျေးရွာသို့)
**ကချင် (၁၇း၀၀ မှ ၁၉း၀၀)**
လီဆူရိုးရာဓါးလှေကားတက်ပွဲ
**ကယား (၁၉း၀၀ မှ ၂၁း၀၀)**
ကယားတိုင်းရင်းသားတို့ရဲ့ရိုးရာဝလေ့ဆိုရိုးစကားများ(အပိုင်း-၁)
**ဝကြောကရင် (၂၁း၀၀ မှ ၂၂း၀၀)**
ရဲသောင်ချောင်း
**အနောက်ပိုးကရင် (၂၂း၀၀ မှ ၂၃း၀၀)**
စားလို့ကောင်းတဲ့ကရင်မုန့်ဖက်ထုပ်

**MRTV NEWS**

**၀၆း၀၀** အဖွင့်၊ တေးသီချင်း
**၀၆း၄၀** အားကစားသတင်း
**၀၈း၃၀** နိုင်ငံတကာသတင်း (LIVE)
**၀၈း၄၅** Weekly International News
**၀၉း၀၀** ပြည်တွင်းသတင်း (LIVE)
**၁၁း၀၀** ပြည်တွင်းသတင်း (LIVE)
**၁၂း၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၆း၀၀** သတင်းမှန်ကဏ္ဍ (LIVE)
**၁၉း၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀း၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀း၁၅** ရှုရှားခရီးစဉ်မှတ်တမ်း (အပိုင်း-၃)

**MRTV PARLIAMENT**

**၀၉း၀၀** အဖွင့်၊ အလံ
**၀၉း၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**တကွယ်ခုခံပိုင်ခွင့်ရှိသောအပိုင်းအခြား**'
**၁၀း၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်း
**၁၀း၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၁)
**၁၁း၀၀** ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၁)
**၁၁း၃၀** အတွေးအမြင် (အပိုင်း-၁)

**MRTV FARMERS'**

**၀၆း၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆း၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၇း၀၀** ဆွေးနွေးကြမယ်၊ စိုက်ပျိုးမွေးမြူနည်း အသွယ်သွယ်
**၀၇း၁၀** စက်မှုလယ်ယာစွမ်းအား နိုင်ငံ့အင်အား
**၀၈း၀၀** ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး
**၀၈း၁၅** စပါးအခြောက်စိုက်ခင်းများနှင့်ပေါင်းပြဿနာ အဖြေရှာ
**၀၈း၅၀** ကျန်းမာကြံ့ခိုင်အာဟာရပြည့်စေဖို့ပဲမုန့်မျိုးစုံ စားသုံးကြပါစို့

**MRTV SPORTS**

**၀၆း၀၀** အဖွင့်
**၀၆း၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇း၀၀** Sports News
**၀၇း၃၀** Soccer View/Weekly Sports Info/ Sports Diary/ Weekly MNL Review
**၀၇း၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈း၀၀** ပြန်လည်ခံစားမြန်မာနေ့ရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀း၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉း၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၆**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**၁၇-၉-၂၀၂၂ (စနေနေ့) တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၄)၊ အမှတ် (၃၈) တွင် ပေါက်ဖတ်ဘဝမှ လှပသောလိပ်ပြာလေး၏ဘဝသို့ ရောက်ရှိလာရန် ကြားကာလ၌ ပုံစံအမျိုးမျိုး၊ အခက်အခဲအမျိုးမျိုးကို ကျော်ဖြတ်လာခဲ့ရသော ဘော်ဘော် အကြောင်းကို သရုပ်ဖော် တင်ဆက်ထားသည့်** "ကိုယ်ထူးကိုယ်ချွန် လိပ်ပြာမွန်" မျက်နှာဖုံးဇာတ်လမ်း၊ ခေတ်အဆက်ဆက်ပြောင်းလဲအသုံးပြုခဲ့သော ယပ်တောင်အကြောင်းကို ဗဟုသုတရဖွယ်တင်ဆက်ထားသည့် "ခေတ်အဆက်ဆက် ယပ်တောင်အမျိုးမျိုး" သုတဆောင်းပါး၊ သစ်စေ့ခွဲရာ၌ သူတစ်ပါးကို ဝေမျှမကျွေးချင်၍ မိမိဘာသာခွဲရာမှ သစ်စေ့ရေထဲသို့ ကျသွားသဖြင့် မစားလိုက်ရသော စာကလေးဖိုးထွေး အကြောင်းကို တင်ဆက်ထားသည့် "စာကလေးဖိုးထွေး" နှစ်မျက်နှာကာတွန်း၊ အလုပ်တစ်ခုကို လုပ်ဆောင်ရာ၌ ဖွဲ့ရှိရှိဖြင့် ကြိုးစားလုပ်ကိုင်ပါက အောင်မြင်မှု ရရှိနိုင်ကြောင်းကို တင်ဆက်ထားသည့် "ကြိုးစားမှု၏ ရလဒ်အဖြစ်" ဝတ္ထု၊ မိခင်အား အသိမပေးဘဲ မိမိစိတ်ကူးဖြင့် ဆောင်ရွက်တတ်သော မိချော အကြောင်းကို တင်ဆက်ထားသည့် "မိချော- တစ်ဖွန်းတည်းပါမေမေ" တစ်မျက်နှာကာတွန်း၊ သူတစ်ပါး၏ ကျေးဇူးကို စောင့်သိကာ မိဘနှစ်ပါးအပါအဝင် ကျေးဇူးရှင်တို့ကို ကျေးဇူးဆပ်လိုသော မောင်ချိုနှင့် မိဘပစ္စည်းကို သုံးဖြုန်းကာ အပျော်အပါးကိုသာ ဦးစားပေးတတ်သော မောင်အိုတို့ သူငယ်ချင်းနှစ်ဦး အကြောင်းကို ရေးဖွဲ့ထားသည့် "တန်ဖိုး" ပုံပြင်၊ မိဘတိုးဘွားများ၏ အလိုလိုက်ထားမှုကို ခံရသည့် ရွှေပိုးနှင့် ညှော်သည်များရှေ့တွင် ရွှေပိုး၏ အပြုအမူကြောင့် အဘိုးအဘွားများ အခက်တွေ့ရပုံကို တင်ဆက်ထားသည့် "ရွှေပိုး-ချန်ထားဦး" နှစ်မျက်နှာကာတွန်း၊ ကျောင်းသူ ကျောင်းသားများအနေဖြင့် ကျောင်းနေစဉ်ကာလတွင် လူတော်လူကောင်းအဖြစ် ကြိုးစားသင့်ပုံအကြောင်းကို တင်ဆက်ထားသည့် "လူတော်ဖြစ်ချင်သလား" နှစ်မျက်နှာကာတွန်း၊ ကလေးမီးဖွားခြင်းနှင့်ပတ်သက်၍ အပြန်အလှန်ပြောဆိုကြပုံ၊ သတင်းမေးပုံများနှင့် ၎င်းတို့ကို အသုံးအနှုန်းမတူဘဲ အဓိပ္ပာယ်တူ ပြောဆိုပုံများကို




လေ့လာနိုင်ရန် ဥပမာဝါကျများနှင့်တကွ တင်ဆင်ထားသည့် ဆရာ KML ၏ "ရွှေသွေးစကားဝိုင်း" အင်္ဂလိပ်စာ သင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ် အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၆ - ၉ - ၂၀၂၂

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် ၁၉၅၇၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် ၁၉၅၁၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၆၆၃ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၆၅၇ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၆၁၅ ကျပ် | ၂၆၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၇၀၀ ကျပ် | ၂၇၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၃၆၅ ကျပ် | ၂၄၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၄၅၅ ကျပ် | ၂၅၀၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၀၉၅ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၄၉၀ . ၂ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၆ . ၉၁၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၄၆၆ . ၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၆၃ . ၀၇ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၉၉ . ၅၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၆ . ၃၃၆ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၉၄၀၀ | ၂၀၃ | ၁၉၀၆၇၀၀ |
| MTSH | ၃၁၅၀ | ၃၂၅၀ | ၄၁၈၅ | ၁၃၂၉၀၇၅၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၆ | ၄၆၈၀၀ |
| FPB | ၂၀၅၀၀ | ၂၀၅၀၀ | ၈၁ | ၁၆၆၀၅၀၀ |
| TMH | ၂၇၀၀ | ၂၈၀၀ | ၄၈၀၄ | ၁၃၄၅၁၁၀၀ |
| EFR | ၂၆၅၀ | ၂၆၅၀ | ၂၇ | ၇၁၅၅၀ |
| AHP | ၅၅၀၀ | ၅၅၀၀ | ၂၆၅ | ၁၄၅၇၅၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# နာမည်ကျော် တင်းနစ်ကစားသမား ဖက်ဒဲရား ပရော်ဖက်ရှင်နယ်တင်းနစ်လောကမှ အနားယူတော့မည်




အသက် ၄၁ နှစ်အရွယ် ဆွစ်ဇာလန်တင်းနစ်အကျော်အမော် ရော်ဂျာဖက်ဒဲရားသည် ယခုလ လန်ဒန်တွင် ကျင်းပမည့် Laver Cup ဖလားပြိုင်ပွဲပြီးနောက် ပရော်ဖက်ရှင်နယ်တင်းနစ်လောကမှ အနားယူတော့မည်ဖြစ်ကြောင်း သိရသည်။

ဂရင်းဆလမ်းချန်ပီယံဆုဖလားကို အကြိမ် ၂၀ အထိ ဆွတ်ခူးထားနိုင်သော ဖက်ဒဲရားသည် တတိယအကြိမ်မြောက် ဒူးခွဲစိတ်မှုပြုလုပ်ပြီးနောက် ၂၀၂၁ ခုနှစ် ဝင်ဘယ်ဒန်ပြိုင်ပွဲနောက်ပိုင်း တင်းနစ်ကစားထားရခြင်း မရှိသေးသူ ဖြစ်သည်။ ပရော်ဖက်ရှင်နယ်တင်းနစ်လောကမှ အနားယူခြင်းနှင့်ပတ်သက်ပြီး ဖက်ဒဲရားက "တင်းနစ်ကစားသမားဘဝ ၂၄ နှစ်အတွင်း ပွဲပေါင်း ၁၅၀၀ ကျော် ကစားထားပြီးဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ ပရော်ဖက်ရှင်နယ်ကစားသမားဘဝ အဆုံးသတ်ဖို့ အချိန်ကျရောက်ပါပြီ" ဟု ပြောသည်။

### တင်းနစ်ပွဲကစားထားရခြင်း မရှိသေး

ဖက်ဒဲရားသည် လွန်ခဲ့သည့်သုံးနှစ်အတွင်း ဒူးဒဏ်ရာဖြင့် ရုန်းကန်ခဲ့ရသူဖြစ်ပြီး ပြီးခဲ့သည့် နွေရာသီ ဝင်ဘယ်ဒန်ပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် ဟူးဘတ် ဟာကကျ်စ်ကို ရှုံးနိမ့်ပြီးနောက် တင်းနစ်ပွဲကစားထားရခြင်း မရှိသေးကြောင်း သိရသည်။

တင်းနစ်အမျိုးသားပြိုင်ပွဲတွင် စပိန်တင်းနစ်အကျော်အမော် နာဒယ်က ဂရင်းဆလမ်းချန်ပီယံဆုဖလားကို ၂၂ ကြိမ်နှင့် ဆားဘီးယားတင်းနစ် နာမည်ကျော် နိုဗက် ဒီဂျိုကိုဗစ်က ၂၁ ကြိမ်တို့ဖြင့် ဖက်ဒဲရားထက် အများဆုံးဆုဖလားဆွတ်ခူးထားသည်။ ဖက်ဒဲရားသည် ဂရင်းဆလမ်းချန်ပီယံဆုဖလားကို ၂၀၁၈ ခုနှစ်က ဩစတြေးလျအိုးပင်းပြိုင်ပွဲတွင် နောက်ဆုံးရရှိခဲ့ခြင်းဖြစ်သည်။

# ယူရိုပါလိဂ် ပွဲစဉ် (၂) တွင် မန်ယူ၊ ဝက်စ်ဟမ်းအသင်းတို့ အနိုင်ရ

ယူအီးအက်ဖ်အေ ယူရိုပါလိဂ် ပွဲစဉ် (၂) ပွဲစဉ်များကို စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူ၊ ဝက်စ်ဟမ်းအသင်းတို့ အနိုင်ရရှိခဲ့သည်။

မော်ဒိုလ်ဗာကလပ် ရှီးရစ်ဖ်အသင်းနှင့် မန်ယူအသင်းတို့ပွဲစဉ်တွင် မန်ယူအသင်းသည် ဆန်ချို၊ စီရော်နယ်ဒိုတို့၏ သွင်းဂိုးများဖြင့် နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သည်။ မန်ယူအသင်းသည် အဆိုပါပွဲစဉ်တွင် အသင်းကစားပုံကောင်းမွန်မှုရှိခဲ့ပြီး လိုအပ်သည့် နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့သည်။ မန်ယူအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ပွဲချိန် ၁၇ မိနစ်တွင် ဆန်ချိုက သွင်းယူပေးပြီး ပွဲချိန် ၃၉ မိနစ်တွင် စီရော်နယ်ဒိုက ပယ်နယ်တီမှ တစ်ဆင့် သွင်းယူပေးနိုင်ခဲ့သည်။

အဆိုပါ နိုင်ပွဲကြောင့် မန်ယူအသင်းသည် ယူရိုပါလိဂ်ပြိုင်ပွဲ အုပ်စု (အီး) ၌ နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရလဒ်ဖြင့် ဒုတိယ နေရာတွင် ရပ်တည်နိုင်ခဲ့သည်။



ဒိန်းမတ်ကလပ် ဆိုက်ဘော့ဂ်အသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ပွဲစဉ်တွင် အပြန်အလှန် သွင်းဂိုးများကို မြင်တွေ့ခဲ့ရပြီး ဝက်စ်ဟမ်းအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါ ပွဲစဉ်တွင် ဦးဆောင်ဂိုးကို ဆိုက်ဘော့ဂ်အသင်းက ရရှိခဲ့သော်လည်း ဝက်စ်ဟမ်းအသင်းက ချေပဂိုးနှင့် အနိုင်ဂိုးများ သွင်းယူကာ အဖိုးတန်သုံးမှတ်ကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဆိုက်ဘော့ဂ်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ငါးမိနစ်နှင့် ၇၅ မိနစ်တွင် ကုစ်နှင့် တန်စဒက်တို့က သွင်းယူပေးနိုင်ခဲ့သည်။ ဝက်စ်ဟမ်းအသင်းအတွက် သွင်းဂိုးများကို လန်ဇီနီ၊ စကမ်မက်ကာ၊ ဒေါ်ဆင်တို့က ပွဲချိန် ၁၃ မိနစ်၊ ၂၅ မိနစ်နှင့် ၃၈ မိနစ်တို့တွင် သွင်းယူပေးနိုင်ခဲ့သည်။

## နောက်ဆုံးရအားကစားသတင်းတိုများ

- မန်ယူအသင်းသည် အက်သလက်တီကို မက်ဒရစ်အသင်းမှ အသက် ၂၉ နှစ်အရွယ် ဂျန်အော့ဘလက်ကို လက်ရှိနံပါတ်တစ်ဂိုးသမားဖြစ်သူ ဒီဂီယာ၏ နေရာကို အစားထိုးခေါ်ယူရန် ဆန္ဒရှိနေသည်။
- မန်စီးတီးအသင်းသည် အေစီမီလန်အသင်းမှ ပေါ်တူဂီတိုက်စစ်ကစားသမား လီယို (၂၃နှစ်) ကို ခေါ်ယူရေးတွင် ချယ်ဆီးအသင်းနှင့်အပြိုင် ပါဝင်လာခဲ့သည်။
- နယူးကာဆယ်အသင်းသည် ဩစတြေးလျကလပ်တွင် ကစားလျက်ရှိသော အီဂျစ်နွယ်ဖွား ကူးလ် (၁၈နှစ်) ကို ခေါ်ယူရန် သဘောတူညီမှု ရရှိပြီဖြစ်ကြောင်း သိရသည်။
- ချယ်ဆီးအသင်းသည် အားကစားဒါရိုက်တာအဖြစ် ဆောလ်ဘတ်အသင်းမှ ဖရန့်ဒ်ကို ခန့်အပ်မှုပြုလုပ်ရန် ဆွေးနွေးလျက်ရှိကြောင်း သိရသည်။
- ချယ်ဆီး၊ မန်စီးတီးနှင့် မန်ယူအသင်းတို့သည် ဒေါ့မွန်အသင်းမှ အင်္ဂလန်ကွင်းလယ်ကစားသမား ဘယ်လင်ဂမ် (၁၉ နှစ်) ကို ခေါ်ယူရေးတွင် လီဗာပူးအသင်းနှင့် အပြိုင် ပါဝင်လာခဲ့သည်။ ၎င်းသည် ယခုနှစ်ရာသီတွင် ဒေါ့မွန်အသင်းအတွက် ပြိုင်ပွဲစုံ ကိုးပွဲ ပါဝင်ကစားထားသည်။




- အင်တာမီလန်အသင်းသည် ယခုနှစ်နွေရာသီတွင် ပီအက်စ်ဂျီအသင်းမှ ခေါ်ယူရန် ကြိုးပမ်းနေသော ခံစစ်ကစားသမား စကျွာရီနီယာ (၂၇နှစ်) သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆွေးနွေးနေကြောင်း သိရသည်။

ယခုတစ်ပတ် ပရီမီယာလိဂ်ပွဲစဉ် (၈) တွင် ပွဲစဉ်အချို့ကို ရပ်နားသွားမှာဖြစ်ပြီး မန်စီးတီး၊ စပါး၊ အာဆင်နယ် စတဲ့အသင်းတွေအပါအဝင် ပွဲစဉ်အချို့ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။

## အိမ်ကွင်းမှာ မန်စီးတီးကို အနိုင်ရဖို့ မလွယ်တဲ့ ဝုဖ်

**ဝုဖ် VS မန်စီးတီး**

**ဝုဖ်နဲ့ မန်စီးတီးတို့ နောက်ဆုံးနှစ်ကြိမ် တွေ့ဆုံမှု**

| | | | | | |
|---|---|---|---|---|---|
| ၁၂-၅-၂၂ | ပရီမီယာလိဂ် | ဝုဖ် | ၁-၅ | **မန်စီးတီး** |
| ၁၁-၁၂-၂၁ | ပရီမီယာလိဂ် | **မန်စီးတီး** | ၁-၀ | ဝုဖ် |

ယခုပွဲစဉ်တွင် ဝုဖ်အနေနဲ့ ခြေစွမ်းကောင်းရရှိနေတဲ့ မန်စီးတီးကို အနိုင်ရဖို့ မလွယ်ဘူး။ မန်စီးတီးအသင်းက စုဖွဲ့ပိုင်းနဲ့ တိုက်စစ်ထက်မြက်မှုမှာ ဝုဖ်အသင်းထက် သာလွန်နေတာကို တွေ့ရတယ်။ မည်သို့ပင်ဆိုစေ မန်စီးတီးအသင်း နိုင်ပွဲရရှိမယ်။

**စပါး VS လက်စတာ**

**စပါးနဲ့ လက်စတာတို့ နောက်ဆုံးနှစ်ကြိမ် တွေ့ဆုံမှု**

| | | | | |
|---|---|---|---|---|
| ၁-၅-၂၂ | ပရီမီယာလိဂ် | **စပါး** | ၃-၁ | လက်စတာ |
| ၂၀-၁-၂၂ | ပရီမီယာလိဂ် | လက်စတာ | ၂-၃ | **စပါး** |

ဒီနှစ်သင်းတွေ့ဆုံတိုင်း အပြန်အလှန်သွင်းဂိုးတွေ မြင်တွေ့ရလေ့ရှိပြီး စပါးအသင်းက အသာရလေ့ရှိတယ်။ ဒါပေမယ့် လက်စတာအသင်းက လက်ရှိအချိန်အထိ လိဂ်နိုင်ပွဲရရှိထားခြင်း မရှိသေးတာကြောင့် ရလဒ်ကောင်းရရှိရေးကြိုးစားလာမှာပါ။

**ပရီမီယာလိဂ်ပွဲစဉ် (၈)**

| | | | |
|---|---|---|---|
| ၁၇-၉-၂၀၂၂ | | စနေနေ့ | |
| ဝုဖ် | - | မန်စီးတီး | ည ၆း၀၀ |
| နယူးကာဆယ် | - | ဘုန်းမောက် | ည ၈း၃၀ |
| စပါး | - | လက်စတာ | ည ၁၁း၀၀ |
| ၁၈-၉-၂၀၂၂ | | တနင်္ဂနွေနေ့ | |
| ဘရန့်ဖို့ဒ် | - | အာဆင်နယ် | ည ၅း၃၀ |
| အဲဗာတန် | - | ဝက်စ်ဟမ်း | ည ၇း၄၅ |

■ မိုးဇက် - စုစည်းသည်

